# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် တနင်္လာနေ့။ Monday, 12 October 2026 ၁၂၃၂၉


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)

# ဘားအံမြို့နယ် သံဝေဇနိယဗုဒ္ဓဂယာခရီးစဉ်ဒေသတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

ဘားအံ အောက်တိုဘာ ၁၁

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၂၂ ခုတွင် ပါဝင်သည့် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာအနီးရှိ သံဝေဇနိယဗုဒ္ဓဂယာခရီးစဉ် ဒေသ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဗုဒ္ဓဂယာချစ်သူများ၊ ခလောက်ထောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဗုဒ္ဓဂယာခရီးစဉ်ဒေသ ပရိဝုဏ်အတွင်းရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ဖယ်ရှားခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣




ယနေ့ဖတ်စရာ

**(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့** စာမျက်နှာ » ၃

**၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုနှင့် နျူထရီနို(Neutrino)အမှုန်အကြောင်း သိကောင်းစရာ** ဆောင်းပါး စာမျက်နှာ » ၆

**မြန်အောင်မြို့နယ်ရှိ မမြရေလျောင်တမံ အိလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ » ၇


## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၁

ဆီးချိုရောဂါရှိသူများ အနေဖြင့် အစားအသောက်ကို အလွန်အကျွံ ကန့်သတ်ခြင်း သို့မဟုတ် မိမိနှင့်မသင့် လျော်သော အစားအသောက်ရွေးချယ်မှုများ ပြုလုပ်ခြင်းအစား မိမိ၏ကျန်းမာရေး အခြေအနေနှင့် ကိုက်ညီသော အစားအသောက်များကို သိရှိရွေးချယ်တတ်စေရန်၊ သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုအတွက် အထောက်အကူပြုသော နေ့ထိုင်စားသောက်မှုပုံစံများကို လက်တွေ့ကျကျ လိုက်နာနိုင်စေရန်နှင့် ဆီးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများကို လူမှုအသိုင်းအဝိုင်းအတွင်း ပိုမိုပျံ့နှံ့လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါ အထူးကုဆရာဝန်များ အသင်းတို့မှ ပူးပေါင်းစီစဉ်သည့် "ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဟောပြောပွဲ"ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ OKKALA ဆေးရုံ၌ ကျင်းပသည်။ စာမျက်နှာ ၃ ကော်လံ ၃ သို့ ✫



## နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁၁

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪



## မိုးနဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော ကြက်မွေးမြူရေးခြံအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

မိုးနဲ အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော လွိုင်ချိုကျေးရွာအုပ်စု ဆွမ်မွန်းကျေးရွာရှိ ဥစားကြက်မွေးမြူရေးခြံသို့ တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

နမ့်စန်ခရိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်လင်းတို့က ဆွမ်မွန်းကျေးရွာ ဥစားကြက်မွေးမြူရေးခြံတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✦

ကြေးမုံ

# အချုပ်အခြာအာဏာနှင့်ဂုဏ်သိက္ခာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးကြသလို မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို အထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်ကြသည်ကို တွေ့မြင်နေရသည်။ နိုင်ငံအများစု၌ နိုင်ငံရေးအရ ယုံကြည်ချက်၊ ခံယူချက် မတူကွဲပြားမှုရှိကြသော်လည်း မိမိယုံကြည်ရာကိုဆောင်ရွက်ရာ၌ နိုင်ငံနှင့်လူမျိုးကို မထိခိုက်စေဘဲ ကဏ္ဍခွဲ၍ ဆောင်ရွက်ကြသည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဘဝ၊ လူမှုဘဝအခြေအနေတို့ကို သုံးသပ်ကြည့်မည်ဆိုပါက မိမိနိုင်ငံနှင့် မိမိလူမျိုး ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူများရှိနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရမည်ဖြစ်သည်။

မည်သို့သောအကြောင်းအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးရှိသည်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးအချင်းချင်း ပျက်စီးရာပျက်စီးကြောင်းပြုလုပ်ခြင်းသည် ရှက်ဖွယ်လိလိဖြစ်ရုံသာမက စိတ်ပျက်ဖွယ်ရာအတိဖြစ်ပေသည်။ နိုင်ငံနှင့်လူမျိုးအား ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သူများအနက် ပြည်တွင်း၌ရှိနေသူများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ အရေးယူနိုင်သော်လည်း ပြည်ပနိုင်ငံများတွင်ခိုလှုံပြီး ထိပါးနေသူများမှာမူ နိုင်ငံ့အချုပ်အခြာအာဏာပြင်ပတွင်ရှိနေ၍ အကန့်အသတ်များ၊ အခက်အခဲများရှိပေသည်။ ယင်းကိုအခွင့်ကောင်းယူ၍ နိုင်ငံတော်၏အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန်နှင့်ဂုဏ်သိက္ခာကျစေရန် လုပ်ရပ်များအပေါ် အရေးယူရန် အစီအစဉ်ရှိ/မရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ရှင်းလင်းဖြေကြားချက်ကို သိရှိရပေသည်။

မျက်မှောက်ကာလတွင် အထူးသဖြင့် နိုင်ငံရေးအရ ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းအရလည်းကောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ ပြည်ပအခြေစိုက်ပြည်ဖျက်မီဒီယာများအနေဖြင့်လည်းကောင်း နိုင်ငံတော်၏ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန် လူမှုကွန်ရက်များပေါ်မှတစ်ဆင့် နေ့စဉ်တိုက်ခိုက်နေကြသူများကို တွေ့မြင်ရမည်ဖြစ်သည်။ ပြည်ပနိုင်ငံများတွင်ခိုလှုံ၍ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်ပြုလုပ်သူများ၊ အားပေးကူညီသူများအား မျက်ကွယ်ပြုမထားဘဲ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်လှစ်ပြီးပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှတစ်ဆင့် အရေးယူဆောင်ရွက်နိုင်ရန် ပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လာသော ဖမ်းဝရမ်း(နီတြိ)များကို အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်၍ တရားစွဲဆိုခံရရန် သို့မဟုတ် ပြစ်မှုဆိုင်ရာပြစ်ဒဏ်ကျခံရန် လိုအပ်နေသူတစ်ဦးနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် Interpol Red Notice ထုတ်ပြန်ခြင်း၊ တရားခံများဖမ်းဆီးပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ တရားခံလွှဲပြောင်းရေး ဥပဒေကို ၂၁-၇-၂၀၁၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားပြီး တရားခံလွှဲပြောင်းရေး သီးခြားလက်မှတ်ရေးထိုးခြင်းမရှိသော်လည်း ၁၄-၁၁-၂၀၂၅ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်မှတ်ရေးထိုးထားသည်။

တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ အမှုကိစ္စတစ်ခုချင်းအလိုက်သုံးသပ်ပြီး လွှဲပြောင်းလက်ခံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာအား ယိမ်းယိုင်ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသူများ၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်မှုများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသူများနှင့် ပြည်ပနိုင်ငံများတွင် ခိုလှုံနေသူများအား ရာဇသတ်ကြီးဥပဒေ၊ မတရားအသင်းအက်ဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံကူးလက်မှတ် ပယ်ဖျက်ခြင်း၊ အမည်မည်းစာရင်းရေးသွင်းခြင်း၊ စောင့်ကြည့်စာရင်းရေးသွင်းခြင်းနှင့် Interpol Red Notice ထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန်နှင့် ဂုဏ်သိက္ခာကျစေရန်၊ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် တိုင်းပြည်စည်းလုံးညီညွတ်မှုပျက်ပြားစေရန် ပြုလုပ်သူများ၊ အားပေးကူညီသူများကို မျက်ကွယ်ပြုမထားဘဲ ပြည်တွင်း၌ ခိုအောင်း၍ဖြစ်စေ၊ ပြည်ပ၌ ခိုလှုံ၍ဖြစ်စေ အဖျက်အမှောင့်ပြုလုပ်သူမှန်သမျှကို နိုင်ငံနှင့်လူမျိုးအား ချစ်မြတ်နိုးသူတိုင်း နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ရှင်းလင်းဖယ်ရှားတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထားစသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ Fake Accounts များမှ တစ်ဆင့်ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

သတင်းစဉ်

## ၁၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း အပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်း အတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် တင်ဒါအမှတ်(၅) မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် ၄၆၁ မှ အတွဲအမှတ် ၅၈၀ အထိကို လည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် ၅၈၁ မှ အတွဲအမှတ် ၇၀၀ အထိကိုလည်းကောင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မိမိတို့ကြိုက်နှစ်သက်သည့် ကျောက်အတွဲများအား တင်ဒါထည့်သွင်းနိုင်ရေး ကြည့်ရှုစစ်ဆေးနေမှုများကို လှည့်လည်အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ပြပွဲပဥ္စမနေ့တွင် ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်မျက်အတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်း အတွဲပေါင်း ၃၀၇၃ တွဲ အနက် အုပ်စု(အေ) နှင့် အုပ်စု (ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကိုအောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည် ဖြစ်သည်။

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

### ✣ ရှေ့ဖုံးမှ

အဆိုပါ အသိပညာပေးလူထုလှုပ်ရှားမှုကို ကရင်ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၊ ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဗုဒ္ဓဂယာချစ်သူများနှင့် Clean Hpa-an တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများသည် နေ့စဉ်ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာလျက်ရှိသည်နှင့်အညီ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကြောင့် ခရီးစဉ်ဒေသ၏ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန်၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ပြီး ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန်၊ မြေယာထိန်းသိမ်းမှုလုပ်ငန်းကို မြှင့်တင်ရန် ရည်ရွယ်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကရင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစယဉ်ငွေးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစောခေါင်ပန်ထော့တို့က သွားရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ပြည်သူပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများ ဖြစ်စေရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် အခါအားလျော်စွာ အသိပညာပေးလူထုလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### ✦ မိုးနဲမြို့နယ်မှ

စစ်ဆေးခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ထားရန်၊ ဥစားကြက်ကောင်ရေ တိုးချဲ့မွေးမြူနိုင်ရေးတို့ကို မှာကြားခဲ့ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက မွေးမြူထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ဒေသတွင်း ကြက်ဥစားသုံးမှုဖူလုံစေရေးနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါကြက်ခြံတွင် နေ့စဉ်ကြက်ဥ အလုံး ၁၀၀၀၀ ခန့်ထွက်ရှိပြီး မြို့တွင်းသို့ သင့်တင့်သောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ဝိုးတောင်း**

### ❂ နိဝင်ဘာလမှ

မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူရှပ်ခြင်း၊ ရေခဲတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

### ☆ ဆီးချိုရောဂါမှ

ဟောပြောပွဲတွင် ဆီးချိုရောဂါဆိုတာဘာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုကုသရမလဲဆိုသည့် အကြောင်းအရာများ၊ ဆီးချိုရောဂါထိန်းသိမ်းရာတွင် အလွန်အရေးကြီးသည့် **"အစားအသောက် စားသုံးမှု"** အကြောင်း၊ ဆီးချိုရောဂါနှင့် အစားအသောက်တို့၏ ဆက်စပ်မှု၊ အခြေခံအာဟာရဆိုင်ရာ အသိပညာများ၊ နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်မည့် အစားအသောက်ရွေးချယ်နည်းများ၊ စားသုံးသင့်သည့် ပမာဏသတ်မှတ်နည်းများနှင့် အစားအသောက်ထုပ်ပိုးမှုများအပေါ်ရှိ အာဟာရဆိုင်ရာအချက်အလက်များကို ဖတ်ရှုနားလည်နိုင်ရန် နည်းလမ်းများကို မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့မှ ကျွမ်းကျင်သူများက ရှင်းလင်းပြောကြားကြသည်။

"ဆီးချိုရောဂါဆိုတာ အခြားရောဂါတွေလို ဆေးပေးလိုက်ရုံနဲ့ ပြီးသွားတာမျိုးမဟုတ်ဘဲ ဝေဒနာရှင်ကိုယ်တိုင် ဘယ်လိုစားသောက်နေထိုင်ရမလဲဆိုတာကို သိရှိဖို့ အရေးကြီးပါတယ်။ ဆိုရှယ်မီဒီယာတွေမှာ ပျံ့နှံ့နေတဲ့ သတင်းအချက်အလက် တစ်ဝက်ကျော်လောက်က တကယ့်အစစ်အမှန်သတင်းမဟုတ်ဘူး။ ရောဂါဖြစ်တာနဲ့ မိသားစုထမင်းဝိုင်းမှာ ဝင်ထိုင်ခွင့်မရှိဘဲ ဘာမှမစားရဆိုပြီး တွေးပူတတ်ကြတယ်။ တချို့ကလည်း ထမင်းမစားနဲ့၊ ချာပါတီစား၊ ဆန်မစားနဲ့ဆိုပြီး အမျိုးမျိုးပြောကြတယ်။ ဆီးချိုဝေဒနာရှင်အတွက် သီးသန့်အိုးခွဲပြီး ချက်စရာမလိုပါဘူး။ မိသားစုထမင်းဝိုင်းမှာ အတူတူစားသုံးလို့ ရပါတယ်။ ဈေးကြီးပေးသိန်းချီတန်တဲ့အမှုန့်ဘူးတွေကိုဝယ်သောက်မှပဲ ဆီးချိုကောင်းမှာလားဆိုတဲ့ လွဲချော်တဲ့ အယူအဆတွေ၊ မိသားစုနဲ့အတူတူ စားသုံးနိုင်မယ့် မှန်ကန်တဲ့အစားအသောက် ဗဟုသုတ၊ အသိပညာတွေကို မိမိတို့ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးရင်း မိသားစုနဲ့ မိတ်ဆွေတွေဆီကိုပါ လက်ဆင့်ကမ်းမျှဝေပေးဖို့ တိုက်တွန်းပါတယ်"ဟု မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုအသင်းအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ သိန်းမြင့်က ပြောသည်။

ဟောပြောပွဲတွင် ဒေါက်တာအေးစိုးထွန်းက "ဆီးချိုရောဂါရှိသူများအတွက် အခြေခံအာဟာရဗေဒဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာကြည်ညို စိုးမြင့်က "လက်တွေ့အသုံးချနိုင်သော အစားအစာရွေးချယ်မှု၊ သင့်တင့်သောပမာဏနှင့် အစားအစာထုပ်ပိုးမှုအပေါ်ရှိ အာဟာရဆိုင်ရာ အချက်အလက်များ ဖတ်ရှုနားလည်ခြင်း" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးကြသည်။

အဆိုပါ ပြည်သူလူထုကျန်းမာရေး အသိပညာမြှင့်တင်ရေး အစီအစဉ်သည် ဆီးချိုရောဂါကို ဆေးဝါးကုသမှုတစ်ခုတည်းသာမက အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံတို့သည်လည်း အရေးပါသည့် အစိတ်အပိုင်းများဖြစ်ကြောင်း ပြည်သူများပိုမိုနားလည်သဘောပေါက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူလူထုအတွက် ဆီးချိုပညာပေးရေး အစီအစဉ်များကို နှစ်လတစ်ကြိမ် ပြုလုပ်သွားရန်စီစဉ်ထားကာ လာမည့်ဒီဇင်ဘာလတွင် ဂရန်းဟံသာဆေးရုံ၌ ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ - ကျော်ကြီး**



## မရမ်းကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီတို့ပူးပေါင်း၍ လူငယ်များနှင့် ဖြောင့်မတ်တည်ကြည်မှု ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက "လူငယ်များနှင့် ဖြောင့်မတ်တည်ကြည်မှု"ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်တည်ကြည်မှု၊ လူငယ်နှင့် ရိုးသားမှု၊ လူငယ်နှင့် ဖြောင့်မတ်မှု၊ လူငယ်နှင့် ယုံကြည်မှု စသည်ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဖြေဆိုအောင်မြင်သူ ဆုချီးမြှင့်ပွဲနှင့် နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၁

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)ဗဟိုကကြီးမှူးပြီး ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကျင်းပသည့် (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဖြေဆိုအောင်မြင်သူများ ဆုချီးမြှင့်ပွဲနှင့် နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာတိက္ခာလင်္ကာ ဘိဝံသက သြဝါဒကထာ မြွက်ကြားချီးမြှင့်ပြီး နိုင်ငံတော် သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာ ဘိဝံသက မဟာပဋ္ဌာန်းမြတ်ဝိပဿနာကျမ်း ဒေသနာနှင့် ပတ်သက်၍ သြဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားပြီး YMBA ဗဟိုဥက္ကဋ္ဌက ဝမ်းမြောက်စကားလျှောက်ထားသည်။

ယင်းနောက် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ရာ အကြီးတန်း မြန်မာဘာသာအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ အကြီးတန်း ပအိုဝ်းဘာသာအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ အလတ်တန်းအဆင့် မြန်မာဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား YMBA ဗဟိုဥက္ကဋ္ဌက လည်းကောင်း၊ အလတ်တန်းအဆင့် ရှမ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလတ်တန်းအဆင့် ပအိုဝ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အငယ်တန်းအဆင့် မြန်မာဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အငယ်တန်းအဆင့် ရှမ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ အငယ်တန်းအဆင့် ပအိုဝ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ပြည်နယ်ဥပဒေချုပ်က လည်းကောင်း၊ မင်္ဂလာပန်းခင်းစိုက်ပျိုးခြင်းခေါင်းစဉ်ဖြင့် ပထမ၊ ဒုတိယနှင့် လူသားနှင့် မင်္ဂလာတရားတော်ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူများအား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လည်းကောင်း ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ကြို့ပင်ကောက်မြို့နယ်၌ ဆီထွက်သီးနှံ နေကြာမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ကြို့ပင်ကောက် အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကြို့ပင်ဝိုင်းကျေးရွာ၌ နေကြာစိုက်တောင်သူများထံ နေကြာမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးအတွက် တစ်ဧကသတ်မှတ်အပင်ဦးရေ ပြည့်မီရန်၊ အစိုဓာတ်မပျက်စေရန်၊ ရေပေးသွင်းခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွဲဖက်သုံးစွဲရန်တို့ကို ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆင်းရွှေကြာ -၂ နှင့် ရေဆင်းစပ်မျိုး - ၁ နေကြာမျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ရိက္ခာများ ထောက်ပံ့ပေးအပ်

မြဝတီ အောက်တိုဘာ ၁၁

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်၊ ဆီ၊ ရိက္ခာများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက်တွင် အမှတ်(၅)ရပ်ကွက်ရှိ ကိုးနဝင်းဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အားပေးစကားနှင့် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖလူးကျေးရွာအုပ်စုနှင့် မဲ့ထော်သလေးကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၄၃၅ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်ခြောက်ပြည်အိတ် တစ်အိတ်နှင့် စားသုံးဆီ တစ်လီတာ တစ်ဘူးတို့ကို ပေးအပ်ရာ တက်ရောက်လာကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို ပြည်သူများက ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၀ ရက်က အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ သတိပြုရမည့် အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

အောင်သူ(အုတ်ဖို)

## ရပ်စောက်မြို့ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်တိုဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ရပ်စောက်မြို့နယ် နောင်မိုင်း မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရှိ သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှု လျှော့ပါးရေး အပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံ တည်ရှိနေသည့် အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော် နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာ ဖြည့်ဆည်း ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်း အမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည် ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်း အသီးသီး အား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီး မြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသား လုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော် လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့် အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ် များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော် ၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါ ကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀- ၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## သီပေါမြို့နယ်၌ ဆောင်းသီးနှံ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာအုပ်စု ဆားတွင်းကျေးရွာ၌ လယ်ယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောင်းသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ ကျောက်မဲခရိုင် ဦးစီးမှူး၊ ကျောက်မဲခရိုင် မျိုးစေ့တာဝန်ခံ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများနှင့် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးသည်။



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒေသခံတောင်သူများအား ဆောင်းသီးနှံဖြစ်သော ပဲပုပ်သီးနှံကို သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အဓိကထား၍ မှာကြားပြီး တောင်သူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မိုးစပါးမျိုးသန့်ပွား စံပြစိုက်ခင်း၊ မော်ဘီကောက်ညှင်းမွှေး စံပြစိုက်ခင်း၊ ပေါ်ဆန်းရင် စပါးမျိုး စမ်းသပ်စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စဉ့်ကိုင်မြို့နယ်၌ ကျေးလက်လမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၁၁**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက စဉ့်ကိုင်မြို့နယ်ရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၄၃ ဒသမ ၃၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဆယ့်နှစ်ကိုင်း - မြောက်ကိုင်း - စိတ္တရ ကျေးရွာ ချင်းဆက်လမ်း ဆိုးရွားစွာ ပျက်စီးသွားသော ကတ္တရာလမ်းပိုင်းအား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း စစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညွှန်ကြားရေးမှူးက ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စွာ ရရှိစေရန် အထူးဂရုစိုက် ဆောင်ရွက်သွားရန်နှင့် လျာထားလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေး အလေးထား လုပ်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အပူရှောင်စခန်းများနှင့် သောက်သုံးရေစုကန်နေရာများ၊ မီးသတ်ရေပုတ်များ တည်ရှိရာနေရာများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိမည့် အပူရှောင်စခန်း ငါးနေရာ၊ မြို့နယ်အတွင်းရှိ ပြည်သူများကို ရေဖြန့်ဝေပေးလျက်ရှိသော သောက်သုံးရေစုကန်နေရာများ နှင့် မီးသတ်ရေပုတ်များ တည်ရှိရာနေရာများသို့ ယနေ့နံနက် ၁၀ နာရီခွဲ က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများသည် အပူရှောင် စခန်းငါးနေရာ၌ ထားရှိမည့် ထိခိုက်လွယ်အုပ်စုဝင်များအား သက်သာ စွာ နေထိုင်နိုင်ရေးခင်းကျင်းမှုများ၊ လေဝင်လေထွက်ကောင်းမွန်စေရေး အတွက် အဲကွန်း၊ ပန်ကာတပ်ဆင်ထားရှိသည့်အခြေအနေများ၊ စားရေရိက္ခာပစ္စည်းများ စုဆောင်းထားသည့်အခြေအနေများ၊ သောက်သုံး ရေပြတ်လပ်မှုမရှိစေရေး၊ အရေးပေါ်ရေလိုအပ်ချက်ရရှိရေးအတွက် သောက်သုံးရေစုကန်နေရာများနှင့် မီးသတ်ရေပုတ်များကို ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

## ပေါင်းတည်မြို့နယ်၌ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့်ပေးစာပြိုင်ပွဲ တတိယဆုရ ကျောင်းသူအား ဂုဏ်ပြုကြိုဆို

**ပေါင်းတည် အောက်တိုဘာ ၁၁**

(၅၅)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် နိုင်ငံတော် အဆင့် ပေးစာပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အလကခွဲ(မှတ်တိုင်လမ်း)မှ Grade-6 ကျောင်းသူ မဖြိုးရတနာဇော်အား ကြိုဆိုဂုဏ်ပြုပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များနှင့်အတူ မြို့ခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြပြီး ထိုကြိုဆိုပွဲအခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလတ် နှင့်အတူ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သင်းရီတို့ တက်ရောက်ကာ ငွေပန်းစည်း များဖြင့် ချီးမြှင့်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

ရွှေသား(IPRD)





## တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။

စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ် နှင့် မျိုးချစ်စိတ်၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် အကောင်း မြင်စိတ်ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများ က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ၂၀၂၆ ခုနှစ် ရူပဗေဒ နိုဘယ်ဆုနှင့် နျူထရီနို (Neutrino) အမှုန်အကြောင်း သိကောင်းစရာ

**ဒေါက်တာသန့်စင်(ရူပဗေဒ)**

၂၀၂၆ ခုနှစ် ရူပဗေဒ နိုဘယ်ဆုကို ဘယ်လ်ဂျီယံ သိပ္ပံပညာရှင် ဖရန်စစ်ဟယ်လ်ဇန် (Francis Halzen) က ရရှိသွားကြောင်း ဆွီဒင်တော်ဝင် သိပ္ပံအကယ်ဒမီက အောက်တိုဘာလ ၆ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ "Ice Cube Neutrino Observatory" မှတစ်ဆင့် နေ၊ စကြဝဠာနှင့် နက္ခတ္တဗေဒ (Astronomy)တို့၏ဖြစ်စဉ်ကို လေ့လာနိုင်ရန် အထောက်အကူပြုပေးသည့်အတွက် ရရှိခဲ့ခြင်းဖြစ်ပါသည်။

**နှစ်ပေါင်း ၅၀ ကျော်ကြာပြီးမှ နိုဘယ်ဆုရရှိခဲ့**

နိုဘယ်ဆုရှင် Halzen သည် ဘယ်လ်ဂျီယံနိုင်ငံ Tienen မြို့၌ ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ယခု အသက် ၈၂ နှစ်ရှိပြီဖြစ်ပါသည်။ လက်ရှိတွင် အမေရိကန်နိုင်ငံ University of Wisconsin–Madison တွင် ရူပဗေဒပါမောက္ခ တာဝန်ယူနေသူဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်ကတည်းက ဤတက္ကသိုလ်တွင် စတင်အလုပ်လုပ်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်ကြာပြီးမှ နိုဘယ်ဆု(Nobel Prize) ရရှိခဲ့ခြင်းဖြစ်ပါသည်။

အမေရိကန်နိုင်ငံရှိ University of Wisconsin (ဝစ်ကွန်ဆင်တက္ကသိုလ်)သည် အစိုးရပိုင်သုတေသနတက္ကသိုလ်ကြီးတစ်ခုဖြစ်ပြီး Wisconsin ပြည်နယ် Madison မြို့တွင် တည်ရှိပါသည်။ ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စာပေများကို သင်ကြားပေးရုံသာမက ကမ္ဘာ့အဆင့် သုတေသနများကို ဆောင်ရွက်နေသည့် တက္ကသိုလ်ဖြစ်ပါသည်။ အမေရိကန်ရှိ တက္ကသိုလ်များတွင် အဆင့် (၅)နေရာတွင်ရှိပါသည်။ ဆေးပညာ၊ အခြေခံအမှုန်ရူပဗေဒ (Particle Physics)၊ စိုက်ပျိုးရေး၊ နက္ခတ္တဗေဒ၊ သဘာဝပတ်ဝန်းကျင်သိပ္ပံ စသည့်ဘာသာရပ်များကို သင်ကြားပေးနေပါသည်။

ပထမဦးစွာ ရူပဗေဒနိုဘယ်ဆုရရှိခဲ့သည့် အခြေခံအကြောင်းများမှ နျူထရီနို(Neutrino) အမှုန်အကြောင်းကို စတင်ရှင်းပြပါမည်။ သိပ္ပံပညာရှင်များက အခြေခံအမှုန်များဖြစ်သော အီလက်ထရွန် (Electron)၊ ပိုစီထရွန်(Positron – အီလက်ထရွန်၏ ဆန့်ကျင်အမှုန်)၊ ပရိုတွန်နှင့် နျူထရွန်အမှုန်များတွင်ပါသော ကွပ်စ် (Quarks )အမှုန်များကို တွေ့ရှိလေ့လာခဲ့ကြပါသည်။

ရေဒီယိုသတ္တိကြွပစ္စည်းများ (ဥပမာ – ယူရေနီယံ၊ ပလူတိုနီယံ)မှထွက်လာသော ရောင်ခြည်များတွင်ပါဝင်သည့် ဘီတာရောင်ခြည်(Beta Ray)ကို လေ့လာရာမှ ၁၉၃၀ ပြည့်နှစ်တွင် "ပေါ်လီ (Pauli)" ဆိုသည့် သိပ္ပံပညာရှင်က ယင်းရောင်ခြည်နှင့်အတူ အလွန်သေးငယ်သော အမှုန်တစ်ခုရှိနေသည်ကို သတိပြုမိခဲ့သည်။ ထိုအမှုန်ကို နောက်ပိုင်းတွင် သိပ္ပံပညာရှင် Enrico Fermi က နျူထရီနို "Neutrino"ဟု အမည်ပေးခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် နျူကလီယာရီအက်တာမှ ထွက်လာသည့် နျူထရီနိုအမှုန်ကို သိပ္ပံပညာရှင် Clyde Cown နှင့် Frederick Reines တို့က ပထမဆုံး တိုက်ရိုက်ရှာဖွေတွေ့ရှိခဲ့ပါသည်။

ပထမတွင် နျူထရီနိုအမှုန်သည် ဒြပ်ထုမရှိဟု ယူဆခဲ့သော်လည်း နျူထရီနိုတုန်ခါမှုများ(Neutrino Oscillation ) မှတစ်ဆင့် နျူထရီနိုတွင် အလွန်သေးငယ်သောဒြပ်ထုရှိရမည်ဟု သိလာပါသည်။ လျှပ်စစ်ပမာဏမရှိပါ။ အဓိကမှာ ယင်းအမှုန်၏ လည်ပတ်နေသော စပင်တန်ဘိုး (½)ရှိနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် နျူထရီနိုကို ဖာမီယွန် (fermions)အုပ်စုတွင် ထည့်သွင်းထားပါသည်။ ထူးခြားနေသည်မှာ နျူထရီနိုသည် ဒြပ်ထုများကို ဖြတ်သန်းသွားသောအခါ အနည်းငယ်သော သက်ရောက်မှုသာရှိသောကြောင့် မည်သည့်ဒြပ်ထုကိုမဆို လွယ်ကူစွာ ဖြတ်သန်းသွားနိုင်ပါသည်။



**နျူထရီနိုအမှုန်ကို တစ္ဆေအမှုန်ဟု တင်စားခေါ်ကြ**

ဥပမာ နေမှထွက်သည့် နျူထရီနိုအမှုန်များသည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို တစ်စက္ကန့်တိုင်းတွင် အလွန်များပြားစွာ ဖြတ်သန်းနေသော်လည်း မည်သည့်တုံ့ပြန်မှုမျှမပြုသောကြောင့် ကျွန်ုပ်တို့ သတိမထားမိကြခြင်းဖြစ်ပါသည်။ အခြားသော အတားအဆီးများဖြစ်သည့် (အုတ်နံရံ၊ သံထည်ပစ္စည်း၊ ကမ္ဘာမြေ)တို့ကိုလည်း ဖြတ်သန်းသွားပါသည်။ ထို့ကြောင့် နျူထရီနိုအမှုန်ကို တစ္ဆေအမှုန် (ghost particle) ဟု တင်စားခေါ်ကြပါသည်။ လူတို့၏မျက်စိဖြင့် တွေ့မရနိုင်အောင် အလွန်သေးငယ်သောအမှုန်များဖြစ်ပါသည်။

ရူပဗေဒနိုဘယ်ဆုရရှိခဲ့သည့် သိပ္ပံပညာရှင် Francis Halzen ဦးဆောင်သောအဖွဲ့သည် အဆိုပါ နျူထရီနိုကို ဖမ်းယူသုတေသနပြုနိုင်ရန် ကမ္ဘာ့တောင်ဝင်ရိုးစွန်း အန္တာတိကတွင်ရှိသည့် ရေခဲပြင်ကြီးတွင် အနက် ၁ ဒသမ ၅ ကီလိုမီတာမှ ၂ ဒသမ ၅ ကီလိုမီတာအတွင်း နျူထရီနိုအမှုန်ကို ဖမ်းယူနိုင်ရန် နျူထရီနို အလင်းဖမ်းကိရိယာ (Digital Optical Module – DOM) ဆင်ဆာ (Sensor) များ ၅၁၆၀ ကို မြှုပ်နှံချထားလိုက်ပါသည်။

ထိုရေခဲတုံး၏ပမာဏသည် တစ်ကုဗကီလိုမီတာ (၃၅ ဒသမ ၃ ဘီလီယံ ကုဗပေ) ရှိပါသည်။ ထိုရေခဲတုံးပမာဏကြီးတွင် အထူးပြုလုပ်ထားသည့် ရေပူဖိအားဖြင့် အပေါက်များဖောက်ကာ ထိုအပေါက်ရှည်များတွင် နျူထရီနိုတိုင်းတာရေးကိရိယာ (Sensor) များ ချထားပါသည်။ ထိုနျူထရီနိုတိုင်းတာရေးအဆောက်အအုံကို "Ice Cube Neutrino Observatory"ဟု ခေါ်ပါသည်။ တိုင်းတာရေးကိရိယာတစ်ခုစီတွင် ဖန်လုံးအပြင်ခွံအတွင်းတွင် အလင်းတိုင်းကိရိယာ၊ အချက်အလက်တိုင်းသည့် အီလက်ထရောနစ်ကိရိယာများ ပါရှိပါသည်။




အာကာသမှလာသော နျူထရီနိုအမှုန်သည် ရေခဲထဲမှ အမှုန်တစ်ခုနှင့်တိုက်မိသောအခါ အလင်းရောင် (Cherenkov light) ထွက်လာပါသည်။ ထိုအလင်းကိုအနီးအနားရှိ DOM တိုင်းကိရိယာများက ဖမ်းယူတိုင်းတာလိုက်ပြီး ရရှိသည့်အချက်အလက်များကို ကွန်ပျူတာသို့ လှမ်းပို့လိုက်ပါသည်။ ကွန်ပျူတာမှ ထိုအချက်အလက်များကို တွက်ချက်ကာ မည်သည့်နျူထရီနိုသည် မည်သည့်ဦးတည်ချက်မှလာသည်၊ စွမ်းအင်မည်မျှရှိသည်ကို တွက်ချက်ပါသည်။ ထိုအချက်များအရ စကြဝဠာကြီး၏ မည်သည့်နေရာတွင် ပေါက်ကွဲမှုများဖြစ်နေသည်။ ပေါက်ကွဲနေသည့်ကြယ်များ၊ ဂလက်ဆီ(Galaxy)များ၊ တွင်းနက် (Black hole) နှင့်ဆက်စပ်နေသည့် အလွန်စွမ်းအင်မြင့် (High energy)ဖြစ်စဉ်များကို ခြေရာခံလေ့လာနိုင်ပါသည်။

**နှစ်ပေါင်း ၄၀ ကျော်ကြာ သုတေသနပြုရာမှ ရရှိခဲ့သည့်နိုဘယ်ဆု**

တစ်နည်းအားဖြင့် အန္တာတိတ် (Antarctica) ရေခဲတုံးကြီးကို ကမ္ဘာ့အကြီးဆုံး နျူထရီနိုတယ်လီစကုပ် (Neutrino telescope) တစ်ခုအဖြစ် အသုံးချပြီး အလွန်နက်ရှိုင်းဝေးကွာသော အာကာသမှလာသည့် "ghost particle"ဟုခေါ်သည့် နျူထရီနိုအမှုန်များကို ဖမ်းယူနိုင်ခဲ့သော သုတေသနသည် ယခု ၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုကို ရရှိစေခဲ့ခြင်းဖြစ်ပါသည်။ နှစ်ပေါင်း ၄၀ ကျော်ကြာ သုတေသနပြုရာမှ ရရှိခဲ့သည့်နိုဘယ်ဆုဖြစ်ပါသည်။

နိုဘယ်ဆုရရှိခဲ့သည့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် သိပ္ပံပညာရှင် Halzen သည် အီတလီနိုင်ငံတွင် ရှိနေပါသည်။ သူက "အလွန်အံ့ဩမိပါတယ်။ ဒီလိုဖြစ်မယ်လို့တော့ မျှော်လင့်မထားပါဘူး"ဟု နိုဘယ်ဆုကော်မတီက ဆုရကြောင်း ဖုန်းဆက်အကြောင်းကြားသည့်အခါ ပြောကြားခဲ့ပါသည်။

နိုဘယ်ဆုရှင် Halzen ၏ ယခုတွေ့ရှိမှုမှတစ်ဆင့် စကြဝဠာကြီးနှင့် ကြယ်တာရာများ၊ တွင်းနက်များကို ဆက်လက်သုတေသနပြု ရှာဖွေတွေ့ရှိလာတော့မည်ဖြစ်ပါသည်။ ။

> **❛ အာကာသမှလာသော နျူထရီနိုအမှုန်သည် ရေခဲထဲမှ အမှုန်တစ်ခုနှင့်တိုက်မိသောအခါ အလင်းရောင် (Cherenkov light) ထွက်လာပါသည်။ ထိုအလင်းကို အနီးအနားရှိ DOM တိုင်းကိရိယာများက ဖမ်းယူတိုင်းတာလိုက်ပြီး ရရှိသည့် အချက်အလက်များကို ကွန်ပျူတာသို့ လှမ်းပို့လိုက်ပါသည်။ ကွန်ပျူတာမှ ထိုအချက်အလက်များကိုတွက်ချက်ကာ မည်သည့်နျူထရီနိုသည် မည်သည့် ဦးတည်ချက်မှလာသည်၊ စွမ်းအင်မည်မျှရှိသည်ကို တွက်ချက်ပါသည်။ ထိုအချက်များအရ စကြဝဠာကြီး၏ မည်သည့်နေရာတွင် ပေါက်ကွဲမှုများဖြစ်နေသည်။ ပေါက်ကွဲနေသည့်ကြယ်များ၊ ဂလက်ဆီ(Galaxy)များ၊ တွင်းနက် (Black hole)နှင့်ဆက်စပ်နေသည့် အလွန်စွမ်းအင်မြင့် (High energy)ဖြစ်စဉ်များကို ခြေရာခံလေ့လာနိုင် ❜**

## ရေကြည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရေကြည် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြသည်။

ဦးစွာ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောပြီး ဈေးဆိုင်ခန်းများ စနစ်တကျမီးသုံးစွဲမှု ရှိ/မရှိ၊ မီးလောင်လွယ်သည့်ပစ္စည်းများ သိုလှောင်မှု ရှိ/မရှိ တို့ကို စစ်ဆေးကာ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့မဈေးရှိ အရေးပေါ်မီးသတ်ရေပိုက်များ၊ မီးသတ်စက်များနှင့် ရေငုတ်များ ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးပြီး မီးသတ်ရေလှောင်ကန်အတွင်း ရေဖြည့်တင်းထားရှိမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**





## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံ အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျှော့ကျခဲ့သည့်အတွက် အရေးပေါ် ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ ထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၁ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၁၂ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် လျှော့နည်းသွားကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆)စု၊ ကျေးရွာ(၃၀)ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိကျေးရွာအုပ်စု(၆)စု၊ ကျေးရွာ(၂၀)ရွာ စုစုပေါင်း ကျေးရွာအုပ်စု (၁၂)စုရှိ ကျေးရွာ(၅၀) ရွာမှ ဒေသခံပြည်သူများအား ယာယီရေဘေး ကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် အောက်တိုဘာ ၁၁

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဦးစွာ မမြရေလှောင်တမံ အရေးပေါ်ရေပိုလွှဲအား မြေတူးစက်တစ်စီးဖြင့် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှု၊ တမံအိလျှော့ကျမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေတူးစက်သုံးစီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် ဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်မှ ရေတံခါး နှစ်ပေါက်ဖြင့် ပျမ်းမျှ ၄၀၀ ကုဗပေ/ စက္ကန့်နှုန်းခန့်ဖြင့် ရေထုတ်လွှတ်နေမှု၊ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိလျှော့ကျနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိလျှော့မှု အခြေအနေ၊ ကာကွယ်ထိန်းသိမ်းမှု အခြေအနေနှင့် ရေဝါချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှု အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မမြရေလှောင်တမံ မြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မမြရေလှောင်တမံ မြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများအား ဆန်ရိက္ခာများနှင့် ပြည်သူများကြိုတင်ရွှေ့ပြောင်းရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ



## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်- ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်း ဖြစ်ပေါ်ခဲ့သည်။



အဆိုပါထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့် နေရာများနှင့် သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ၊ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများသည် လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးပြီး သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များက လောင်းလုံးမြို့ ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညှင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပန္ဓသီမော်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲကျင်းပ





**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးအတွင်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးကျော်သူဝင်းက အဆောက်အအုံဌာနဥပဒေ၊ နည်းဥပဒေနှင့် လိုက်နာရမည့် အချက်အလက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်ဂျင်နီယာ ပညာရှင် ဒေါ်ခင်မေဒွေးက Soil Investigation and Its Importance ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်ဂျင်နီယာ ပညာရှင် ဦးဇော်ဝင်းက Public Safety၊ environmental safety and their Responsibility of (PE)၊ (RSE)၊(RE) ခေါင်းစဉ်ဖြင့် လည်းကောင်းဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာများ၏ မေးမြန်းမှုများကိုပြန်လည်ဖြေကြားကြသည်။

ထို့ပြင် မန္တလေးမြို့တော်ဝန် ဦးခင်မောင်အေးက အမှာစကား ပြောကြားခြင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးရွှေဇင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မန္တလေးတိုင်းဒေသကြီး အသင်းခွဲမှ ဆောင်ရွက်ပေးလျက်ရှိသည့် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ အသိအမှတ်ပြု (PE)၊ (RSE)၊ (RE) လက်မှတ်ရ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောင်းကုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆေးရုံလမ်းနှင့် မင်းလမ်းထောင့်ရှိ မီးသတ်ရေလှောင်ကန်အား ယနေ့ နံနက်ပိုင်းတွင် ရေဖြည့်တင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် မီးငြိမ်းသတ်ရေးနှင့် ရေရှားပါးမှုဖြစ်ပေါ်လာပါက အသင့်အသုံးပြုနိုင်ရေး အတွက် မီးသတ်ရေလှောင်ကန်အား ရေဖြည့်တင်းခြင်းကို မြို့နယ် ထွေ/အုပ်မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး နှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိတို့က ကြီးကြပ် ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါးရိတ်သိမ်း

**သုံးခွ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပတုပ်ကျေးရွာ တက်နေလင်း စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတွင် အသင်းသား ၁၄ ဦး၊ စိုက်ဧက ၆၇ ဧကတွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွား မြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့ သည့် မှော်ဘီ(၃) မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီမြလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ အသင်းစုမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



# အိမ်မဲမြို့နယ် ကူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**အိမ်မဲ အောက်တိုဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး အိမ်မဲမြို့နယ် ဝဲကြီးကူကျေးရွာ အုပ်စု ကူကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် လုပ်ငန်းများပြီးစီး ခဲ့သည်။



**အောင်မြင်စွာပြီးစီး**

အဆိုပါလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ ရရှိသော အတိုးရငွေကျပ် ၁၆ ဒသမ ၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၇ သန်းအသုံးပြု၍ အရှည်ပေ ၃၉၀၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၈ ရက်တွင် စတင် ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် အောင်မြင်စွာပြီးစီးခဲ့ သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ကူကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်၊ အိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၇၉၅ ဦးတို့အတွက် သွားလာရေး ပိုမိုအဆင်ပြေလာမည် ဖြစ်သည့် အပြင် မိုးရာသီ၌ လမ်းအသုံး ပြုရာတွင် အခက်အခဲများ လျော့နည်းလာစေပြီး ကျေးရွာ၏ လူမှုစီးပွားရေး လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့ အတွက် အထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဦးဆောင်၍ မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မိုးရာသီကာလ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်း များ ဆယ်ယူတူးဖော်ရှင်းလင်းခြင်းကို အောက်တိုဘာ ၈ ရက်က ဖျာပုံမြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုနှင့် စူပါအယ်လ်နီညိုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာမြို့နယ်၌ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့



လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးနှင့် စူပါအယ်လ်နီညို ကျရောက်ပါက ရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးဟောပြော ခြင်းကို အောက်တိုဘာ ၉ ရက်က ရွှေပေါက်ကံ(၁၁)ရပ်ကွက် ပုဂံလမ်းရှိ ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်း၍ စူပါအယ်လ်နီညိုကျရောက် ပါက ရေပြတ်လပ်မှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွား စေရေး ဆောင်ရန်/ရှောင်ရန်များ၊ 191 Report Application အသုံးပြုပုံ များကို အသိပညာပေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ပြည်သူ ၇၀ ခန့် တက်ရောက် ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့်သတင်းများအနက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ မူလအတိုင်း ပုံမှန်ရုံးတက်ရန် ထုတ်ပြန်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ အလုပ်သမားရေးရာ၊ ဥပဒေရေးရာနှင့် မှုခင်း စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး

မုတ်သုံရာသီကုန်ဆုံး၍ ပူပြင်းသည့် အယ်လ်နီညိုရာသီဥတုကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားလာသဖြင့် ဝန်အားထိန်းညှိအလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးမည့်အစီအစဉ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ခဲ့ပြီး အောက်တိုဘာ ၅ ရက်မှစတင်၍ အလှည့်ကျကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။

## ပို့ဆောင်ရေး

မြန်မာ့မီးရထားသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ ပြေးဆွဲနေသည့် DEMU နှင့် RBE ရထားများတွင် အမျိုးသမီးစက်ခေါင်းမောင်းသူ ငါးဦးအား လာမည့်ရက်ပိုင်းအတွင်း စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။ ၎င်းတို့သည် AGTI ဒီပလိုမာရရှိထားသူများဖြစ်ပြီး စာတွေ့၊ လက်တွေ့နှင့် သင်တန်းကာလ ၂၉ ပတ်ကြာ လေ့ကျင့်မှုများကို အောင်မြင်စွာ ဖြတ်သန်းထားသူများဖြစ်ကြသည်။

## စိုက်ပျိုးရေး

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးတွင် သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ မတ်ပဲ စသည့်အဓိကသီးနှံ ၁၀ မျိုးကို သီးထပ်အဖြစ်စိုက်ပျိုးမည့် တောင်သူများအတွက် ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလ ဒုတိယပတ်မှစတင်၍ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသည့် International World Rice Conference 2026 တွင် မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World’s Best Rice Award) ကို ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့သည်။ ယင်းသို့ နိုင်ငံတကာအဆင့် ဂုဏ်သိက္ခာရှိသော ဆုတံဆိပ်ရရှိခြင်းကြောင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုသဝဏ်လွှာထုတ်ပြန်ခဲ့ပြီး တောင်သူလယ်သမားများနှင့် ဆန်စပါးကဏ္ဍတွင် ပါဝင်သူအားလုံးကို ချီးကျူးဂုဏ်ပြုခဲ့သည်။

## ကျန်းမာရေး

မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့် ဘယ်ဘက်လက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားခဲ့သည့် အသက် (၉) နှစ်အရွယ် ကလေးငယ်အား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး၌ ပထမအဆင့် ပြန်လည်တွဲဆက်ကုသခြင်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃ ရက်တွင်လည်းကောင်း၊ ဒုတိယအဆင့် အာရုံကြောနှင့် အရေပြားအစားထိုးခွဲစိတ်ကုသမှုများကို စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

## ပညာရေး

ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်များ၌ မြစ်ရေနှင့် ချောင်းရေများ ဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများတွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် သန့်ရှင်းရေးပြုလုပ်ကာ အောက်တိုဘာ ၈ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ စာသင်ကြားလျက်ရှိပြီး ရေဘေးကြောင့် နောက်ကျကျန်ခဲ့သော ကျောင်းသင်ခန်းစာများကို အမီလိုက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ (၄) ရှိ အဆောင်တစ်ခုအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်နေသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေဖမ်းဆီးရမိခဲ့သည်။

## မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး

အောက်တိုဘာ ၈ ရက်က ပြုလုပ်သည့် မလေးရှား-မြန်မာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် သန့်စင်စက်ရုံ တည်ဆောက်ရေး၊ သံနှင့် သံမဏိလုပ်ငန်း၊ ဆိပ်ကမ်းနှင့် ထောက်ပံ့ပို့ဆောင်ရေးအပြင် လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေးတို့ကို မလေးရှားလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။ မြန်မာရွှေ့ပြောင်းလုပ်သားအရေးနှင့်ပတ်သက်၍လည်း မလေးရှားရောက် မြန်မာလုပ်သား ၁၆၀၀၀၀ ကျော်၏ အခွင့်အရေးနှင့် လူမှုဖူလုံရေးစောင့်ရှောက်မှုများ အပြည့်အဝရရှိစေရေးနှင့် အခက်အခဲကြုံတွေ့နေရသူများကို တပ်မတော် (ရေ) သင်္ဘောများဖြင့် အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး ညှိနှိုင်းခဲ့သည့်အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတွင်းရေးရာတို့၌လည်း တက္ကသိုလ်များအကြား သုတေသန ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် အာဆီယံဘုံသဘောတူညီချက် (၅)ရပ်ကို မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဘက်စုံထည့်သွင်းဆွေးနွေးခဲ့ကြသည်။

## ငြိမ်းချမ်းရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ DPLA အဖွဲ့ဝင် ၁၁ ဦး၊ TNLA နှစ်ဦးနှင့် PDF ကိုးဦး (စုစုပေါင်း ၂၂ ဦး)တို့သည် မောင်းပြန်ရိုင်ဖယ်သုံးလက်၊ ပစ္စတို နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံးနှင့် ခဲယမ်းများအပ်နှံကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး လက်နက်ခဲယမ်းများနှင့် လူဦးရေအလိုက် စုစုပေါင်း ဆုကြေးငွေကျပ် ၂၃၅ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း အောက်တိုဘာ ၈ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## ယဉ်ကျေးမှုအမွေအနှစ်

အောက်တိုဘာ ၉ ရက်တွင်ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မြန်မာ့ရိုးရာစားစရာ “ထမနဲ” နှင့် ရက်ကန်းပညာ “လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း” တို့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့ဆောင်ရွက်ရေးအဆိုကို ဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ထမနဲယဉ်ကျေးမှုကို ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက် နောက်ဆုံးထား၍လည်းကောင်း၊ လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်းကို ၂၀၂၈ ခုနှစ် မတ်လ ၃၁ ရက် နောက်ဆုံးထား၍လည်းကောင်း တင်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဟု ရှင်းလင်းတင်ပြခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါသည်။ ထို့ပြင် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်တွင် ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားပြီးဖြစ်သည်။

## မူလအတိုင်း ပုံမှန်ရုံးတက်ရန် ထုတ်ပြန်

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့်ဖြစ်ပေါ်လာသည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန် အစိုးရရုံးဌာနများမှ ဝန်ထမ်းများအား ၂၀၂၆ ခုနှစ် မတ်လ ၂၅ ရက်မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နေအိမ်မှသာ ရုံးလုပ်ငန်းဆောင်ရွက်ရန် (Work from Home) သတ်မှတ်ခဲ့သည့်ကြေညာချက်အား ပယ်ဖျက်ပြီး အောက်တိုဘာ ၁၀ ရက်မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသော မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ စည်ကားလျက်ရှိပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၁၉၆ တွဲ ရောင်းချခဲ့ရပါသည်။ (ပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်)။

## အလုပ်သမားရေးရာ

ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ ကာကွယ်စောင့်ရှောက်ရေးနှင့် တရားဝင် ငွေလွှဲရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ အလုပ်သမားဝန်ကြီးဌာနက ဦးစီးကျင်းပခဲ့ပြီး တရားမဝင် ရွှေ့ပြောင်းသွားလာမှုလျှော့ချရေး၊ တရားဝင်လမ်းကြောင်းမှ စနစ်တကျသွားရောက်စေရေးနှင့် ပြည်ပရောက်လုပ်သားများ၏ မိသားစုလွှဲပို့ငွေများကို တရားဝင်ဘဏ်များမှတစ်ဆင့် လွယ်ကူလုံခြုံစွာလွှဲပို့နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ဘဏ်များ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

## ဥပဒေရေးရာ

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေများအား အောက်တိုဘာ ၁၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြင်ဆင်ချက်တွင် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းမတင်သွင်းသူများ၊ သက်ဆိုင်ရာပါတီမှ နုတ်ထွက်/ထုတ်ပယ်ခံရသူများနှင့် ပါတီဖျက်သိမ်းခံရမှုဆိုင်ရာ ကိုယ်စားလှယ်အရည်အချင်း ပျက်ယွင်းမှုစည်းမျဉ်းများအပြင် မဲရုံဖွင့်ချိန်နှင့် ပိတ်ချိန်ကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲသတ်မှတ်ခြင်းများ ပါဝင်သည်။

## မှုခင်း

လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားအရာရှိများ၏ ဓာတ်ပုံနှင့် ရုပ်သံများကိုအသုံးပြုကာ အယောင်ဆောင်ပြီး “ပြည်သူ့စစ်မှုထမ်းများအား ပြန်လည်ထုတ်ပေးနိုင်ကြောင်း” TikTok အကောင့်အတုများဖြင့် ငွေကြေးလိမ်လည်ခဲ့သည့် တိုးလှိုင်ဝင်း (စက်တင်ဘာ ၃ ရက်၊ တောင်ငူမြို့)၊ စိုးသူရအောင် (စက်တင်ဘာ ၁၇ ရက်၊ ရွှေကျင်မြို့နယ်) နှင့် နိုင်လင်းဦး (စက်တင်ဘာ ၂၆ ရက်၊ မြောင်းမြမြို့) စုစုပေါင်း တရားခံသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၁၁**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အထက(၁) သီရိရတနာခန်းမ၌ အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သက်ငယ်မုဒိမ်းမှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးက အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး ဒုတိယမြို့နယ် ဥပဒေအရာရှိက သက်ငယ်မုဒိမ်းမှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းမှုဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၁၁**



ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိတို့ ဦးဆောင်၍ မီးသတ်ရေလှောင်ကန်များမှ အရေးပေါ်ရေသုံးစွဲနိုင်ရေးနှင့် ရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များ သန့်ရှင်းရေးနှင့် ရေဖြည့်တင်းခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်ရေသယ်ယာဉ် ဂါလန် ၁၆၀၀ ဆံ့၊ ဈေးပိုင်ရေသယ်ယာဉ် ဂါလန် ၂၀၀၀ ဆံ့တို့ဖြင့် မြို့ပေါ်ရပ်ကွက်အတွင်း အရေးပေါ်မီးသတ်ရေလှောင်ကန် ကိုးကန်အနက် မြို့မဈေးရှိ ဂါလန် ၂၄၀၀ ကန်၊ မြဝတီရပ်ကွက်ရှိဂါလန် ၄၂၀၀ ကန်နှင့် ဂါလန် ၂၁၀၀ ကန် စုစုပေါင်း မီးသတ်ရေလှောင်ကန် သုံးကန်ကို သန့်ရှင်းရေးပြုလုပ်ပြီး ရေဖြည့်တင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံး တပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

## အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လှ ဦးဆောင်၍ ကြီးကြပ်သူဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၁ ဦးတို့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက်(ရန်ကုန်)မှ တာဝန်ရှိသူများက ပြခန်းများအလိုက် လိုက်လံရှင်းလင်းပြသပေးကြသည်။

အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများလာရောက်လေ့လာခြင်းဖြင့် မြန်မာလူမျိုးများ၏ သမိုင်းစဉ်ဆက်ကြီးကျယ်ခမ်းနားပုံများနှင့် ထိန်းသိမ်းကာကွယ်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မြင်တွေ့သိရှိကာ တန်ဖိုးထားတတ်လာစေသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

အဆိုပါ အမျိုးသားပြတိုက်(ရန်ကုန်)ကို ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန် တနင်္လာနေ့ နှင့်အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**



## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ လမ်းမတော်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**လမ်းမတော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ၏ အမျိုးသားရေးတန်ဖိုးနှင့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းမော်ကွန်းများကို သိရှိနိုင်စေရန်၊ ရယူစုဆောင်းထိန်းသိမ်းပုံနည်းစနစ်များနှင့် အစိုးရဌာနများ၊ ကျောင်းသား ကျောင်းသူများနှင့် သုတေသီများကို ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အခြေအနေများကို လူငယ်လူရွယ်များ လွယ်လင့်တကူ လေ့လာနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် ညောင်ပင်လေးကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာရာတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး Dr ဒေါ်ဥမ္မာလင်းက မော်ကွန်းတိုက်နောက်ခံသမိုင်းများနှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်ကွန်းတိုက်မှ တာဝန်ရှိသူများက မော်ကွန်းပြခန်းရှိ မော်ကွန်းနမူနာများနှင့် မြန်မာ့သမိုင်းကြောင်းကာလတစ်လျှောက် ထိန်းသိမ်းထားသည့် မော်ကွန်းများအကြောင်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းရေး၏ လုပ်ငန်းများဖြစ်သော စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းကို လေ့လာခြင်း၊ Microfilming အခန်းတွင် မိုက်ခရိုဖလင်၏ အလုပ်လုပ်ပုံအကြောင်းအရာများ၊ ရိုက်ကူးခြင်း၊ အသုံးပြုခြင်း အကြောင်းအရာများနှင့် သုတေသီစာဖတ်ခန်းတို့ကို လိုက်လံပြသ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ပျော်ရွှင်ဖွယ် ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပဆောင်ရွက်ခဲ့ကာ အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကြို့ပင်ကောက် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် မြို့ပေါ် လူစည်ကားရာနေရာများတွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေးရှိ ဈေးဆိုင်များ၊ ဈေးဝယ်ပြည်သူများ၊ အနေးယာဉ်လုပ်သားများအား အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အားကစားမှတစ်ဆင့် လှပသောအနာဂတ်များဆီသို့ .....

**အောင်သူ(အား/က)**

**“အားကစားတွင် ထူးချွန်ထက်မြက်သော လူငယ်များအတွက် ကြီးမားသော အခွင့်အလမ်းများရှိပါသည်။ နိုင်ငံတကာအားကစားပွဲများတွင် ကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရခြင်း၊ ထင်ရှားသောကလပ်များမှ ကြိုဆိုခေါ်ယူခြင်းခံရခြင်း စသည်ဖြင့် ကမ္ဘာကြီးကို ခြေဆန့်ခွင့်ရှိသည်။ ထို့အပြင် အားကစားဆိုင်ရာ၊ ပညာရေးဆိုင်ရာ ဆုတံဆိပ်များ (Scholarships) မှတစ်ဆင့် နိုင်ငံခြားရှိ ထိပ်တန်းတက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိနိုင်သည်။ အားကစားသမားဘဝအပြီးတွင်လည်း နည်းပြ၊ သင်တန်းဆရာ၊ အားကစားဆိုင်ရာ စီမံခန့်ခွဲသူ၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများစွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အဆင်ပြေချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်မည်”**

လူငယ်တိုင်း၏ဘဝတွင် အိပ်မက်များစွာ၊ ရည်မှန်းချက်ပန်းတိုင်များစွာ ရှိကြပါသည်။ ထိုပန်းတိုင်များဆီသို့ ခရီးနှင်ရာတွင် ခွန်အား၊ စိတ်ဓာတ်၊ ဇွဲလုံ့လနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုတို့သည် မရှိမဖြစ်လိုအပ်သော လက်နက်ကိရိယာများဖြစ်သည်။

ထိုလက်နက်ကိရိယာများကို မွေးမြူသင်ကြားပေးနိုင်သော အကောင်းဆုံးနည်းလမ်းတစ်ခုမှာ “အားကစား” ပင်ဖြစ်ပါသည်။ အားကစားကွင်းများသည် အောင်မြင်မှုနှင့် ရှုံးနိမ့်မှုများကို သင်ယူရာစင်မြင့်ဖြစ်သလို ဘဝအတွက် အရေးကြီးသော သင်ခန်းစာများကို လက်တွေ့ကျင့်သုံးရာ လေ့ကျင့်ရေးခန်းမတစ်ခုလည်းဖြစ်ပါသည်။

အနာဂတ်၏ အခြေခံအုတ်မြစ်၊ လှပသော အနာဂတ်ဆိုသည်မှာ စိတ်ကူးယဉ်ဖြင့်သာ ဖန်တီးယူရသော အရာမဟုတ်ပါ။ ထိုအနာဂတ်ကို ထမ်းရွက်ရန် ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာရှိရန် လိုအပ်ပါသည်။ အားကစားလုပ်ခြင်းဖြင့် ကလေးဘဝမှစတင်၍ ခန္ဓာကိုယ်ကြီးထွားမှုကို မှန်ကန်စေပြီး ရောဂါဘယများကို ခုခံကာကွယ်နိုင်စွမ်း မြင့်တက်စေသည်။

### ကောင်းမွန်သော ဘဝနေထိုင်မှုပုံစံ

**ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာသည် ပညာသင်ယူရန်၊ အလုပ်လုပ်ကိုင်ရန်နှင့် မိသားစုဝင်တစ်ဦးအဖြစ် တာဝန်ယူရန်အတွက် မရှိမဖြစ် အခြေခံအဆောက်အအုံဖြစ်သည်။ အားကစားသမားတစ်ဦးသည် နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းလုပ်ခြင်း၊ အာဟာရညီမျှစွာစားသုံးခြင်းတို့ကြောင့် ကောင်းမွန်သော ဘဝနေထိုင်မှုပုံစံကိုပိုင်ဆိုင်လာပြီး အနာဂတ်တွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကြီးမားသောပြဿနာများကို ရင်ဆိုင်ရန် နည်းပါးလာမည်။**

အားကစားသည် ကိုယ်ကာယကျန်းမာရေးအတွက်သာမက စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအတွက်ပါ အထောက်အကူပြုသည်။ မည်သည့်အားကစားမျိုးကိုမဆို ကျွမ်းကျင်လာစေရန် လေ့ကျင့်မှုပုံမှန်ပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ရာတွင် စည်းကမ်းရှိရှိ ဇွဲမလျှော့ဘဲ ကြိုးစားရသော အလေ့အကျင့်သည် ဘဝတွင်လည်း ပညာရေး၊ အလုပ်အကိုင်နှင့် ပုဂ္ဂိုလ်ရေးရာ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အလွန်အရေးကြီးသော အရည်အသွေးများဖြစ်ပါသည်။

ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း စသော အသင်းလိုက်အားကစားများသည် မိမိတစ်ဦးတည်း၏ ကျွမ်းကျင်မှုထက် အသင်းသားများနှင့် ညှိနှိုင်းလုပ်ကိုင်တတ်မှု၊ အခြားသူများ၏ အားသာချက်ကို အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်တတ်မှုကို သင်ကြားပေးသည်။ ဤသည်မှာ ယနေ့ခေတ်လုပ်ငန်းခွင်တိုင်း၏ အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်နေပြီဖြစ်သည်။

အားကစားပွဲတိုင်းတွင် အနိုင်နှင့်အရှုံးဟူ၍ရှိသည်။ ရှုံးနိမ့်မှုတစ်ခုသည် နောက်ဆုံးမဟုတ်ကြောင်း၊ ထိုရှုံးနိမ့်မှုမှ သင်ခန်းစာယူကာ ပိုမိုကြိုးစားပြင်ဆင်ရန်လိုကြောင်းကို အားကစားက သင်ကြားပေးသည်။ ဤသို့သော စိတ်ဓာတ်သည် ဘဝ၏အခက်အခဲဆိုးများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းအား မြှင့်တင်ပေးပြီး စိတ်ကျန်းမာရေးကိုပါ ကောင်းမွန်စေသည်။

တင်းနစ်ကစားခြင်း၊ မြားပစ်ခြင်း၊ စစ်တုရင်ကစားခြင်းစသည့် အားကစားနည်းများသည် အာရုံစူးစိုက်မှုကို အလွန်တိုးတက်စေသည်။ လျှပ်တစ်ပြက်အခြေအနေများတွင် မှန်ကန်သောဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန် ချမှတ်နိုင်စွမ်းသည် ပညာရေး၊ စီးပွားရေးနယ်ပယ်များတွင်ပါ အထောက်အကူပြုသော အရည်အသွေးတစ်ရပ်ဖြစ်သည်။

**အားကစားတွင် ထူးချွန်ထက်မြက်သော လူငယ်များအတွက် ကြီးမားသောအခွင့်အလမ်းများရှိပါသည်။ နိုင်ငံတကာအားကစားပွဲများတွင် ကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရခြင်း၊ ထင်ရှားသောကလပ်များမှ ကြိုဆိုခေါ်ယူခြင်းခံရခြင်းစသည်ဖြင့် ကမ္ဘာကြီးကို ခြေဆန့်ခွင့်ရှိသည်။ ထို့အပြင် အားကစားဆိုင်ရာ၊ ပညာရေးဆိုင်ရာ ဆုတံဆိပ်များ (Scholarships) မှတစ်ဆင့် နိုင်ငံခြားရှိ ထိပ်တန်းတက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိနိုင်သည်။ အားကစားသမားဘဝအပြီးတွင်လည်း နည်းပြ၊ သင်တန်းဆရာ၊ အားကစားဆိုင်ရာ စီမံခန့်ခွဲသူ၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများစွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အဆင်ပြေချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။**

အားကစားကလူငယ်များအား မကောင်းသောအပြုအမူများ၊ မူးယစ်ဆေးဝါးအန္တရာယ်များမှ ဝေးရာသို့ ဦးတည်စေသည်။ အားကစားလုပ်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်လာပြီး စိတ်ဖိစီးမှုများကို ကောင်းစွာထိန်းချုပ်နိုင်လာသည်။ အားကစားကွင်းများသည် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးနှင့်ရင်းနှီးခင်မင်ရာ နေရာဖြစ်ကာ လူမှုဆက်ဆံရေးကွန်ရက်များ တည်ဆောက်ရန်အတွက်လည်း အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။

လူငယ်များကို အားကစားလုပ်ရန် အားပေးမှုသည် မိဘများ၊ ဆရာများနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ တာဝန်ဖြစ်သည်။ ကျောင်းများတွင် အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပေးခြင်း၊ အားကစားပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ အားကစားအတွက် အချိန်ပေးနိုင်ရန် စီစဉ်ပေးခြင်းတို့ဖြင့် လူငယ်များ၏စွမ်းရည်များ ပေါ်ထွန်းလာစေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

ထို့အပြင် အားကစားသည် ရွှေတံဆိပ်ဆုတံဆိပ် အတွက်သာမက ပိုမိုကျယ်ပြန့်သော ဘဝအတွက် သင်ကြားပေးသည့် သင်တန်းကျောင်းကြီးတစ်ခုနှင့်တူသည်။ ယင်းမှာ လူငယ်တစ်ဦးအား ကိုယ်ကာယကြံ့ခိုင်မှုမှသည် စိတ်ဓာတ်ခွန်အား၊ လူမှုရေးစွမ်းရည်များအထိ စုံလင်စွာ ဖွံ့ဖြိုးတိုးတက်စေပြီး ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ တံခါးပေါက်များစွာကို ဖွင့်လှစ်ပေးနိုင်သည်။ လူငယ်တစ်ဦးချင်းစီအား အားကစားနှင့် နီးစပ်ခွင့်ပေးခြင်းသည် သူတို့၏ ကိုယ်ပိုင်စွမ်းရည်ကို ရှာဖွေတွေ့ရှိခွင့်ပေးခြင်းဖြစ်ပြီး လူ့အသိုင်းအဝိုင်းအတွက် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားသော ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရာလည်းရောက်သည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ ကလေးငယ်များ၊ လူငယ်များ၏ လက်ကိုကိုင်ကာ အားကစားကွင်းသို့ ခေါ်ဆောင်သွားကြရန် အချိန်တန်ပြီဖြစ်ပါသည်။ အားကစားကွင်းမှ သင်ယူရသော သင်ခန်းစာတိုင်းသည် သူတို့အား ပိုမိုလှပပြီး အောင်မြင်သောအနာဂတ်ဆီသို့ ခြေလှမ်းတစ်လှမ်းစီ နီးကပ်စေမည်ဖြစ်ပါသည်။

ထို့ကြောင့် အားကစားမှတစ်ဆင့် လှပသောအနာဂတ်များဆီသို့ ဟူသည့်အတိုင်း အားကစားလောကမှတစ်ဆင့် ဘဝအတွက် သင်ယူလေ့လာမှုများပြုလုပ်ပြီး လှပသောအနာဂတ်များကို တည်ဆောက်နိုင်သော လူငယ်များပေါ်ထွက်လာကာ အမိမြန်မာနိုင်ငံ၏အနာဂတ်ကို အလှပဆုံး ပုံဖော်ထုဆစ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**သထုံ အောက်တိုဘာ ၁၁**

သထုံမြို့နယ် ကြက်တူရွေးသောင်လမ်းခွဲမှ ဝါးခုတ်တောကျေးရွာအထိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၁ ရက်က သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သွားရောက် ကြည့်ရှုရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ၁၂ ပေအကျယ်၊ လမ်းအရှည် ၁/၀ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းကို ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ဒေသထွက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ လွယ်လင့်တကူ ရောင်းဝယ်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ကြက်တူရွေးသောင်လမ်းခွဲမှ ဝါးခုတ်တောကျေးရွာအထိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၀၆ ဒသမ ၃၆၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ တောတွင်းတောင်တက်အပြေးလမ်းကြမ်းပြိုင်ပွဲ ကျင်းပ




**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် UMTR. group (mandalay) တို့ ပူးပေါင်းကျင်းပသည့် (အမျိုးသား/အမျိုးသမီး) 15 km / 30 km / 50 km) Event သုံးမျိုးဖြင့် တောတွင်းတောင်တက် အပြေးလမ်းကြမ်းပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ထင်းရှူးတောအတွင်း၌ ကျင်းပသည်။

အပြေးပြိုင်ပွဲကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ UMTR. group (mandalay) ဥက္ကဋ္ဌနှင့် ခရိုင်အားကစားမှူးတို့က နံနက် ၆ နာရီခွဲတွင် တာလွှတ်စင်မြင့်ထက်မှ အလံချိုးလျက် ပြိုင်ပွဲကို တာလွှတ်ပေးသည်။

ထို့နောက် မွန်းလွဲ ၃ နာရီတွင် ပြိုင်ပွဲအသီးသီးမှ ဆုရကစားသမားများအား ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UMTR . group (mandalay) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် အမှတ်တရဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲသုံးမျိုးတွင် ကစားသမား အမျိုးသား ၅၉၁ ဦး၊ အမျိုးသမီး ၃၆၁ ဦး စုစုပေါင်း ၉၅၂ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများ အား တက်ရောက် လာကြသူများက အောင်သပြေခက်များ ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာပေါင်းမြို့နယ်၌ ဈေး၊ စက်သုံးဆီဆိုင် မီးဘေးလုံခြုံရေး စစ်ဆေး



သာပေါင်း အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် စူပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လျှပ်စစ်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့ဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရေသန့်စက်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော



ပြည်ကြီးတံခွန် အောက်တိုဘာ ၁၁

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၉) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၉ ရက်က အယ်လ်နီညိုအပူဒဏ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ဟောပြောပွဲတွင် ပြည်ကြီးတံခွန် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နော်မြတ်မိုးဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က အပူဒဏ်ကြောင့် ဖြစ်တတ်သော ကျန်းမာရေး အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ကျောင်းသား ကျောင်းသူများ အယ်လ်နီညို အပူဒဏ်ကြောင့် မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသည့်ကျောင်းသား ကျောင်းသူများထံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့က အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်ရှိ စက်မှုဇုန်များတွင် သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က စက်မှုဇုန်များရှိ စက်ရုံများ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို သမီးတော်စွမ်းအားအထည်ချုပ် စက်ရုံနှင့် Yangon Global Star Co.,Ltd အထည်ချုပ်စက်ရုံများရှိအလုပ်သမားများအား အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စစ်ဆေးရေးမှူး ဦးစိုးညီညီ၊ မရမ်းကုန်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသူနှင့် ဦးစီးအရာရှိ(အလုပ်ရုံ စစ်ဆေးရေး) ဦးချိုမင်းသွင်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**

■






# ဂျပန်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များက ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ဘုံစည်းမျဉ်းများ ချမှတ်ကျင့်သုံးရန် တိုက်တွန်း

တိုကျို အောက်တိုဘာ ၁၁

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့နိုင်ငံများတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဘုံစည်းမျဉ်းများ ချမှတ်ကျင့်သုံးရန် အစိုးရများအား တိုက်တွန်းပြောကြားခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် နှစ်စဉ် ကျင်းပခဲ့သည့် ဂျပန်-အမေရိကန် စီးပွားရေးညီလာခံအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ၎င်းအဆိုပြုချက်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် နှစ်နိုင်ငံအကြား ဘုံစည်းမျဉ်းများ ဖန်တီးရန် စီးပွားရေးခေါင်းဆောင်များက အဆိုပြုထားသည်။

ထို့ပြင် စီးပွားရေးလုံခြုံမှုအတွက် အရေးပါသည့် အဓိကသတ္တုတွင်းထွက်ပစ္စည်းများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းအစိတ်အပိုင်းများ၏ ထောက်ပံ့ရေးကွင်းဆက်များကိုခိုင်မာအားကောင်းစေရေးကိုလည်း အဆိုပြုချက်တွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

နည်းပညာတိုးတက်မှုသည် လူတို့၏ဘဝကို ပိုမိုကောင်းမွန်စေသော်လည်း ယခုအခါ နည်းပညာတိုးတက်ပြောင်းလဲမှုများသည် ယခင်ကာလများထက် ပိုမိုမြန်ဆန်လာသည့်အတွက် စိုးရိမ်မှုများလည်းရှိကြောင်း အမေရိကန်ဘက်မှ ဥက္ကဋ္ဌ ဒေးဗစ်ဂိုးကလာက ပြောကြားသည်။ ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်ညှိနှိုင်းမှုများ လိုအပ်ကြောင်းလည်း ၎င်းက ပြောသည်။

ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှုအလိုက် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်အဆင့်နှင့် ကိုက်ညီသည့် စီမံအုပ်ချုပ်မှုစနစ်များ ချမှတ်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဂျပန်ဘက်မှ တာကာရှီးမားမာကိုတိုက ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ဆိုင်မှုတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ဦးဆောင်လျက်ရှိပြီး ၎င်းတို့သည် ပြီးခဲ့သည့် စက်တင်ဘာလက ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာဆွေးနွေးမှုများ စတင်ပြုလုပ်ရန် သဘောတူခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

# တရုတ်နိုင်ငံတွင် အမျိုးသားနေ့အားလပ်ရက်ကာလအတွင်း အဝေးပြေးလမ်းမကြီးများ၌ လျှပ်စစ်ကားအားသွင်းမှုပမာဏ သိသာစွာမြင့်တက်

ပေကျင်း အောက်တိုဘာ ၁၁

တရုတ်နိုင်ငံအဝေးပြေးလမ်းမများရှိ လျှပ်စစ်ကားအားသွင်းမှု ပမာဏသည် ပြီးခဲ့သည့် အမျိုးသားနေ့ အားလပ်ရက်သီတင်းပတ်အတွင်း သိသာစွာမြင့်တက်လာခဲ့ကြောင်း အမျိုးသားစွမ်းအင်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ထုတ်ပြန်သည့်အချက်အလက်များ အရ သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၇ ရက်အတွင်း အဝေးပြေးလမ်းမများရှိ လျှပ်စစ်ကားအားသွင်းမှုပမာဏသည် ကီလိုဝပ်နာရီ ၁၆၃သန်းသို့ ရောက်ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် တစ်နေ့လျှင် ပျမ်းမျှ ကီလိုဝပ်နာရီ ၂၃ ဒသမ ၂၆ သန်းရှိခဲ့ကြောင်းနှင့် နှစ်အလိုက် ၅၁ ဒသမ ၄၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဆိုပါကိန်းဂဏန်းများအရ တရုတ်နိုင်ငံတွင် လျှပ်စစ်ကားသုံးစွဲမှုသိသိသာသာမြင့်တက်ခြင်းနှင့် အဝေးပြေးလမ်းမများတွင် လျှပ်စစ်ကားအားသွင်းရုံများ များပြားလာခြင်းကို ပြသနေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ကားဆိုင်ရာ အကြီးဆုံးဈေးကွက်ဖြစ်လာနေပြီး နိုင်ငံအတွင်း လျှပ်စစ်ကားရောင်းချမှုနှင့် ပိုင်ဆိုင်မှုများ ဖြည်းဖြည်းမှန်မှန် တိုးတက်လာနေသည်။ ထိုကဲ့သို့ ဖြစ်လာရခြင်းမှာ လောင်စာဆီသုံးကားများကို လျှပ်စစ်ကားများနှင့် လဲလှယ်ပေးသည့် အစီအစဉ်များ၏ ပံ့ပိုးမှုနှင့် ယှဉ်ပြိုင်မှုရှိသည့် ပြည်တွင်းထုတ် လျှပ်စစ်ကားအမျိုးအစားများ များပြားလာခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ တရားဝင်အချက်အလက်များအရ တရုတ်နိုင်ငံတွင် လျှပ်စစ်ကားပိုင်ဆိုင်မှုအရေအတွက်သည် ၄၉ဒသမ ၈၇သန်းသို့ ရောက်ရှိလာခဲ့ပြီး အဆိုပါပမာဏသည် မော်တော်ယာဉ်အားလုံး၏ ၁၃ ဒသမ ၁၉ ရာခိုင်နှုန်းရှိကာ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း မော်တော်ယာဉ်အသစ် မှတ်ပုံတင်မှုများ၏ တစ်ဝက်နီးပါးမှာ လျှပ်စစ်ကားများဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲမှုကို မြှင့်တင်ရန်နှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် လျှပ်စစ်ကား အားသွင်းရုံဆိုင်ရာ အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်နေသည်။

တရုတ်နိုင်ငံရှိ လျှပ်စစ်ကား အားသွင်းနေရာ စုစုပေါင်း ၂၄ သန်းကျော်လွန်သွားပြီဖြစ်ရာ ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကားအားသွင်းကွန်ရက်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်လာခဲ့သည်။

ဆင်ဟွာ



# အီရတ်နိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း Iraqi Airways က အီရန်နိုင်ငံသို့ တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း Iraqi Airways က




အီရန်နိုင်ငံသို့ တိုက်ရိုက်လေကြောင်းခရီးစဉ်များကိုပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

အီရတ်နိုင်ငံ နာဂျက်ဖ်နိုင်ငံတကာလေဆိပ်မှ အီရန်နိုင်ငံ တီဟီရန်မြို့သို့ လေကြောင်းခရီးစဉ်အား ယမန်နေ့တွင် စတင်ပျံသန်းခဲ့သည်။

ဘဂ္ဂဒက်နှင့် ဝါရှင်တန်တို့အကြား သဘောတူညီချက်အရ သတ်မှတ်ထားသည့် လေကြောင်းလမ်းကြောင်းများအတွက် သီးခြားကင်းလွတ်ခွင့် ရရှိခဲ့ပြီးနောက် အီရန်သို့ တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲခြင်းဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီပြီးနောက် နာဂျက်ဖ်မြို့မှ တီဟီရန်၊ မက်ရှ်ဟတ်နှင့် အစ္စဖာဟန်မြို့များအပါအဝင် အီရန်နိုင်ငံရှိ အဓိကမြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၄ ရက်က နာဂျက်ဖ် နိုင်ငံတကာလေဆိပ်သို့ အီရန်နိုင်ငံ၏ Caspian Airlines လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါခရီးစဉ်မှာ ဘဂ္ဂဒက်နှင့် ဝါရှင်တန်တို့အကြား ချမှတ်ထားသည့် လေကြောင်းပြေးဆွဲမှုဆိုင်ရာ တရားဝင်သဘောတူညီချက်အရ သီးခြားကင်းလွတ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက အီရန်နိုင်ငံ၏ လေကြောင်းကဏ္ဍအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ပြီးနောက် နာဂျက်ဖ် နိုင်ငံတကာလေဆိပ်သည် စက်တင်ဘာ ၂၅ ရက်မှစ၍ အီရန်နိုင်ငံသို့ ပြေးဆွဲသည့် လေကြောင်းခရီးစဉ်များအားလုံးကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းအချက်အလက်များကို ဒီဂျစ်တယ်စနစ်ဖြင့် သန်းခေါင်စာရင်းကောက်ယူမည်

ကိုလံဘို အောက်တိုဘာ ၁၁

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ဒီဂျစ်တယ်စနစ်ဖြင့် သန်းခေါင် စာရင်းကောက်ယူနိုင်ရန်အတွက် စာရင်းကောက်ဝန်ထမ်းများအား စေလွှတ်မည်ဖြစ်ကြောင်း သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာန ညွှန်ကြားရေးမှူးချုပ် ကေအမ်ဒီအက်စ်ဒီ ကရူနာရတနက ပြောကြားသည်။

မိမိတို့ဌာနအနေဖြင့် စာရွက်ပုံစံဖြင့် သန်းခေါင်စာရင်းကောက်ယူသည့်ပုံစံကို စွန့်လွှတ်ကာ ယခုကဲ့သို့ ဒီဂျစ်တယ်စနစ်ဖြင့် လေ့လာဆန်းစစ်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ အခြေခံအုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သော Grama Niladhari အဆင့်အထိ ကွင်းဆင်းကောက်ယူမည်ဖြစ်ပြီး စီးပွားဖြစ် စိုက်ပျိုးမြေများသာမက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေးခြံကြီးများ၊ အိမ်တွင်းဥယျာဉ်ခြံမြေ စိုက်ပျိုးသူများနှင့် စမတ်စိုက်ပျိုးရေးလုပ်ကိုင်သူများပါ ပါဝင်မည်ဖြစ်သည်။

စာရင်းကောက်ယူမည့် အချက်အလက်များတွင် သီးနှံစိုက်ပျိုးမှု၊ မွေးမြူရေး၊ မြေယာအသုံးချမှု၊ ရေသွင်းစနစ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ ပါဝင်သည်။

စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများသာမက တောင်သူလယ်သမားငယ်များ၊ ကြီးမားသော စိုက်ပျိုးရေးခြံကြီးများ၊ မြေပိုင်ရှင်များ၊ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးသူများနှင့် ခေတ်မီနည်းပညာသုံး စိုက်ပျိုးရေးလုပ်ကိုင်သူများအထိ သွားရောက်ကောက်ယူမည် ဖြစ်သည်။

**အထောက်အကူပြု**

ရရှိလာမည့် အချက်အလက်များအား စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အနာဂတ်စီမံကိန်းရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတို့အတွက် အထောက်အကူပြုရန် ရည်ရွယ်ထားကြောင်းသိရသည်။

ဆင်ဟွာ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးမှု။




# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ထပ်အဆောက်အအုံ ၂ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ တစ်လုံးနှင့် ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ တစ်လုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့်အဆောက်အအုံများအနက် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ယမ်းပြင်၊ ယမ်းကပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သိရသည်။ ၁၀၀













# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Kyaw Khing” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘူးရောက်ကျေးရွာနေ ကျော်ခိုင်အား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် စကားအင်းရဲကင်းစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဉာဏ်ရည်တုနည်းပညာ နှစ် ၇၀ ခရီး

## ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် “ဉာဏ်ရည်တု” သို့မဟုတ် (Artificial Intelligence – AI) ဟူသော စကားလုံးသည် လူသားတို့၏ နေ့စဉ်လူမှုစီးပွားဘဝ နှင့် ခွဲခြား၍မရအောင်ပင် အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်လာခဲ့ပြီဖြစ်ပါသည်။ သို့သော် ဤကဲ့သို့ အံ့မခန်းစွမ်းဆောင်ရည်ရှိသည့် နည်းပညာသည် နေချင်းပြီး ရုတ်ခြည်းထွက်ပေါ်လာခဲ့ခြင်းမဟုတ်ပါ။

လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက ကမ္ဘာကျော်သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များ၏ ကြီးမားသောစိန်ခေါ်မှုများ၊ ကျရှုံးမှုများနှင့် ပြန်လည်ရုန်းထခြင်းများစွာကို ဖြတ်သန်းပြီးမှသာ ယနေ့ခေတ်မျိုးဆက်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ရိုးရှင်းတိကျသော သင်္ချာတွက်ချက်မှုများနှင့် ယုတ္တိဗေဒများဖြင့် သန္ဓေတည်ခဲ့သည့် AI နည်းပညာသည် ယနေ့ခေတ်တွင် လူသားတို့၏ တီထွင်ဖန်တီးနိုင်စွမ်းကိုပင် တုပလာနိုင်သည်အထိ အဆင့်ဆင့်ပြောင်းလဲလာပုံကို အပိုင်းလိုက်ခွဲခြား၍ လေ့လာကြည့်နိုင်ပါသည်။

**ပထမမျိုးဆက် – သန္ဓေတည်ခြင်းနှင့် အခြေခံစည်းမျဉ်းများ ‘If–Then’ Rules ခေတ်**

AI နည်းပညာ၏ အစဦးဆုံးကာလကို သင်္ချာနှင့် သိပ္ပံပညာရှင် “**အလန်ကျူးရင်း**”၏ ထူးခြားသော မေးခွန်းတစ်ခုနှင့် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သူက “**စက်ပစ္စည်းတွေဟာ လူသားတွေလို တွေးခေါ်နိုင်စွမ်းရှိသလား**”ဟူသော မေးခွန်းကိုချပြခဲ့ပြီး စက်များ၏ ဉာဏ်ရည်ကိုတိုင်းတာသည့် စမ်းသပ်ချက်တစ်ခုကို တီထွင်ခဲ့ပါသည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော “ဒါးမောင့်ကောလိပ်နွေရာသီ အလုပ်ရုံဆွေးနွေးပွဲ” ... 

ဤပထမမျိုးဆက်တွင် AI သည် လူသားများ သတ်မှတ်ပေးထားသည့် သင်္ချာဥပဒေသများနှင့် ယုတ္တိဗေဒ (Logic) များပေါ်တွင်သာ လုံးလုံးလျားလျား အခြေခံထားပါသည်။ စက်ပစ္စည်းများသည် လူသားများ ကြိုတင်ထည့်သွင်းပေးထားသော “**အကယ်၍ ဤသို့ဖြစ်လျှင်၊ ထိုသို့လုပ်ပါ” (If–Then)** ဟူသော ညွှန်ကြားချက်များကိုသာ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ကြပါသည်။

သို့သော် ဤမျိုးဆက်တွင် ကန့်သတ်ချက်များစွာ ရှိခဲ့ပါသည်။ စက်ပစ္စည်းများသည် မိမိကိုယ်တိုင် သင်ယူနိုင်စွမ်းမရှိသလို ကြိုတင်သတ်မှတ်ထားသည့် စည်းမျဉ်းများ၏ အပြင်ဘက်မှ ကိစ္စရပ်များကို ဖြေရှင်းပေးနိုင်ခြင်းလုံးဝမရှိခဲ့ပါ။ ထို့ကြောင့် မျှော်မှန်းထားသလောက် အောင်မြင်မှုမရရှိဘဲ သုတေသနလုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့သည့် “AI ဆောင်းရာသီ” (AI Winter) ဟူသောကာလကို ပထမဆုံးအကြိမ် ရင်ဆိုင်ခဲ့ရပါသည်။

**ဒုတိယမျိုးဆက် – ကျွမ်းကျင်သူတို့၏ အသိပညာကို ထည့်သွင်းအခြေပြုထားသော Expert Systems ခေတ် (၁၉၈၀ ပြည့်နှစ်များ)**

ပထမမျိုးဆက်၏ ကျရှုံးမှုများမှ သင်ခန်းစာယူကာ ၁၉၈၀ ပြည့်နှစ်များတွင် AI ဒုတိယမျိုးဆက် ပေါ်ပေါက်လာခဲ့ပါသည်။ ဤခေတ်တွင် သိပ္ပံပညာရှင်များသည် AI ကို ကဏ္ဍစုံတွင် အသုံးပြုရန် ကြိုးစားမည့်အစား သီးခြားနယ်ပယ်ကဏ္ဍ တစ်ခုချင်းစီတွင် ကျွမ်းကျင်ပိုင်နိုင်စေရန် အာရုံစိုက်လာကြပါသည်။ ယင်းကို “**ကျွမ်းကျင်သူစနစ်” (Expert Systems)**ဟု ခေါ်ဆိုကြပါသည်။

ဤစနစ်သည် သီးသန့်နယ်ပယ်တစ်ခုမှ လူသားကျွမ်းကျင်သူများ၏ အသိပညာ၊ အတွေ့အကြုံများနှင့် အချက်အလက်များကို ကွန်ပျူတာအတွင်းသို့ စုဆောင်းထည့်သွင်းထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဆေးဘက်ဆိုင်ရာ AI စနစ်တစ်ခုသည် လူနာ၏ ရောဂါလက္ခဏာများကို စစ်ဆေးပြီး မည်သည့်ရောဂါဖြစ်နိုင်သည်ကို ခန့်မှန်းပေးနိုင်စွမ်း ရှိလာပါသည်။ စက်မှုလုပ်ငန်းများတွင်လည်း ငွေကြေးစီမံခန့်ခွဲမှုနှင့် စက်ရုံလည်ပတ်မှုများအတွက် ဤစနစ်ကိုအသုံးပြုလာကြပါသည်။

သို့သော် ဤဒုတိယမျိုးဆက်တွင်လည်း ကြီးမားသော အားနည်းချက်တစ်ခုရှိနေပါသေးသည်။ ယင်းမှာ “ဒီလိုဖြစ်ရင်၊ ဒီလိုလုပ်ရမယ်”ဆိုသည့် လူသားများ၏ အသိပညာအားလုံးကို ကွန်ပျူတာအတွင်းသို့ ကုတ်အဖြစ် ပြောင်းလဲထည့်သွင်းရန် မဖြစ်နိုင်ခြင်းပင်ဖြစ်ပါသည်။ လူသားတို့၏ ပကတိအသိဉာဏ် (Common Sense) နှင့် ပတ်ဝန်းကျင်

> ❛ Super AI အဆင့်တွင် AI သည် လူသားတို့၏ စုပေါင်းဉာဏ်ရည်ထက် အဆပေါင်းများစွာ သာလွန်သွားမည်ဖြစ်ပြီး သိပ္ပံ၊ အနုပညာ၊ လူမှုရေးနှင့် နည်းပညာနယ်ပယ်အားလုံးတွင် ကမ္ဘာ့အတော်ဆုံး လူသားဉာဏ်ကြီးရှင်များထက်ပင် ပိုမိုထက်မြက်သွားမည်ဖြစ်ပါသည်။ ယင်းသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ပြီး ကုတ်များကို စက္ကန့်ပိုင်းအတွင်း လူသားအကူအညီမပါဘဲ မိမိကိုယ်တိုင် အဆင့်မြှင့်တင်နိုင်စွမ်းရှိသဖြင့် လူသားတို့ မတွေးတောနိုင်သော နည်းပညာရပ်များကိုပင် ကိုယ်တိုင်တီထွင်လာနိုင်မည့် စွမ်းအားရှင်ဖြစ်လာနိုင် ❜

အပေါ် နားလည်တုံ့ပြန်နိုင်စွမ်းကို စက်များအတွင်းသို့ထည့်သွင်းရန် ခက်ခဲလွန်းလှသဖြင့် ဤမျိုးဆက်သည်လည်း ဒုတိယအကြိမ်မြောက် နည်းပညာရပ်တန့်မှု အခက်အခဲနှင့် တစ်ဖန်ရင်ဆိုင်ခဲ့ရပြန်ပါသည်။

**တတိယမျိုးဆက် – အချက်အလက်များမှ ကိုယ်တိုင်သင်ယူနိုင်စွမ်းရှိလာသော Machine Learning ခေတ် (၁၉၉၀ ပြည့်နှစ်များ – ၂၀၁၀ ပြည့်နှစ်များ)**

၂၁ ရာစုသို့ကူးပြောင်းလာသောအခါ ကွန်ပျူတာများ၏ တွက်ချက်နိုင်စွမ်း (Computing Power) သည် သိသိသာသာ မြင့်မားလာခဲ့ပြီး အင်တာနက်ခေတ်၏ အကျိုးကျေးဇူးကြောင့် ဒီဂျစ်တယ်အချက်အလက်ပေါင်းများစွာ ပေါ်ကြွယ်ဝလာခဲ့ပါသည်။ ဤအခြေအနေသည် AI ၏ တတိယမျိုးဆက်ဖြစ်သော “**ပတ်ဝန်းကျင်မှ ဖမ်းယူရရှိသောအချက်အလက်များအား အသုံးပြု၍ စက်မှကိုယ်တိုင်သင်ယူခြင်းခေတ်” (Machine Learning)** ကို မွေးဖွားပေးခဲ့ပြီး တိုးတက်မှုအရှိန်အဟုန် ပြင်းထန်ခဲ့ပါသည်။

ယခင်မျိုးဆက်များကဲ့သို့ စက်များကို “ဤသို့ဖြစ်လျှင်၊ ထိုသို့လုပ်ပါ”ဆိုသည့် စည်းမျဉ်းများအား လူသားက တိုက်ရိုက်ထည့်သွင်းသင်ကြားပေးရမည့်အစား အချက်အလက် အမြောက်အမြားမှ စက်များကိုယ်တိုင် ပုံစံထုတ်ရှာဖွေသင်ယူစေသည့် စနစ်ဖြစ်ပါသည်။ ဤနေရာတွင် လူသား၏ ဦးနှောက်ဆဲလ်များ အလုပ်လုပ်ပုံကို အတုယူထားသည့် “အာရုံကြောကွန်ရက်တု” (Artificial Neural Networks) နှင့် “**နက်နဲစွာလေ့လာသင်ယူခြင်း” (Deep Learning)** နည်းပညာများလည်း ပေါ်ပေါက်အားကောင်းလာခဲ့ပါသည်။

ဤမျိုးဆက်တွင် AI သည် လူသားများ၏ စကားသံကိုနားလည်ခြင်း၊ ဘာသာပြန်ခြင်းနှင့် ဓာတ်ပုံများအတွင်းမှ အရာဝတ္ထုများကို ခွဲခြားရွေးချယ်ခြင်းစသည့် နယ်ပယ်များတွင် လူသားများနီးပါး စွမ်းဆောင်နိုင်လာပါသည်။

**စတုတ္ထမျိုးဆက် – ကိုယ်တိုင်တီထွင်ဖန်တီးနိုင်စွမ်းရှိပြီး စွမ်းဆောင်ရည်မြင့်မားသော Generative AI ခေတ် (၂၀၂၀ ပြည့်နှစ်များမှ ယနေ့အထိ)**

ကျွန်ုပ်တို့ လက်ရှိဖြတ်သန်းနေရသော ခေတ်သည် AI ၏ စတုတ္ထမျိုးဆက်ဖြစ်ပါသည်။ ဤမျိုးဆက်ကို “**တီထွင်ဖန်တီးနိုင်စွမ်းရှိသော AI” (Generative AI)** ခေတ်ဟု သတ်မှတ်နိုင်ပါသည်။ ယခင်မျိုးဆက်များရှိ AI များသည် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရုံသာ တတ်နိုင်ခဲ့သော်လည်း ယခုမျိုးဆက်တွင်မူ အချက်အလက်အသစ်များကို ကိုယ်တိုင်တီထွင် ဖန်တီးနိုင်စွမ်းရှိလာကြပြီဖြစ်ပါသည်။

အဆိုပါပြောင်းလဲမှု၏ အဓိကမောင်းနှင်အားမှာ အချက်အလက် သန်းထောင်ပေါင်းများစွာဖြင့် လေ့ကျင့်ပေးထားသော စွမ်းဆောင်ရည်မြင့် ဘာသာစကားမော်ဒယ်လ်ကြီးများ (Large Language Models – LLMs) ဖြစ်ကြပါသည်။ နေ့စဉ်နှင့်အမျှလည်း ထည့်သွင်းလေ့ကျင့်စရာ အချက်အလက်အသစ်တို့ တိုးပွားများပြားလျက်ရှိပါသည်။ OpenAI ကုမ္ပဏီမှ ထုတ်လုပ်လိုက်သော ChatGPT သည် ဤမျိုးဆက်၏ ပြုပြင်ပြောင်းလဲမှုကို စတင်ပေးခဲ့ခြင်းဖြစ်ပါသည်။ ယင်းသည် လူသားတစ်ဦးနှင့် စကားပြောနေရသကဲ့သို့ သဘာဝကျကျ ပြန်လည်တုံ့ပြန်နိုင်ရုံသာမက အကြံဉာဏ်ပေးခြင်းကိုပါ ဆောင်ရွက်ပေးနိုင်ပါသည်။

ထို့ပြင် စတုတ္ထမျိုးဆက် AI များသည် စာသားများကိုသာမက ရင်သပ်ရှုမောဖွယ်ရာရုပ်ပုံများ၊ တေးဂီတများနှင့် ဗီဒီယိုများကိုပါ စက္ကန့်ပိုင်းအတွင်း ဖန်တီးပေးနိုင်စွမ်းရှိလာကြပါသည်။ လက်ရှိတွင် AI သည် လုပ်ငန်းခွင်အသီးသီး၌ လူသားတို့၏ လက်ထောက်ကောင်းတစ်ခုအဖြစ် နေရာယူထားပြီး ဆေးဝါးအသစ်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းချက်များတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**အနာဂတ်မျိုးဆက် – လူသားနှင့်တူသည့် ဘက်စုံသုံး အဆင့်လွန် General AI (သို့မဟုတ်) Super AI ခေတ်**

လက်ရှိဖြတ်သန်းနေသည့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော AI ခေတ်လွန်လျှင် ရောက်ရှိလာမည့် အနာဂတ်မျိုးဆက်ကို ပညာရှင်များက AGI **(Artificial General Intelligence) သို့မဟုတ် “အထွေထွေဉာဏ်ရည်တု”**ဟု ခေါ်ဆိုကြပါသည်။ လက်ရှိ AI စနစ်များသည် ယင်းတို့ကို လေ့ကျင့်ပေးထားသည့် ကဏ္ဍသီးသန့်တွင်သာ စွမ်းဆောင်နိုင်ကြသော်လည်း AGI သည် လူသားတစ်ယောက်ကဲ့သို့ မည်သည့်ပညာရပ်ကိုမဆို ကိုယ်တိုင်လေ့လာသင်ယူနိုင်ပြီး ဆင်ခြင်တုံတရားရှိရှိ ပြဿနာမျိုးစုံကို ဖြေရှင်းနိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။

သို့သော် သိပ္ပံပညာရှင်များနှင့် နည်းပညာရပ်ဝန်းအနေဖြင့် ပိုမိုအာရုံစိုက်ပြီး သတိထားနေကြသည့် နောက်ဆုံးပန်းတိုင်မှာမူ Super AI (သို့မဟုတ်) Artificial Superintelligence – ASI “အဆင့်လွန်ဉာဏ်ရည်တု”ပင်ဖြစ်ပါသည်။ ဤအဆင့်တွင် AI သည် လူသားတို့၏ စုပေါင်းဉာဏ်ရည်ထက် အဆပေါင်းများစွာ သာလွန်သွားမည်ဖြစ်ပြီး သိပ္ပံ၊ အနုပညာ၊ လူမှုရေးနှင့် နည်းပညာနယ်ပယ်အားလုံးတွင် ကမ္ဘာ့အတော်ဆုံး လူသားဉာဏ်ကြီးရှင်များထက်ပင် ပိုမိုထက်မြက်သွားမည်ဖြစ်ပါသည်။ ယင်းသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ပြီး ကုတ်များကို စက္ကန့်ပိုင်းအတွင်း လူသားအကူအညီမပါဘဲ မိမိကိုယ်တိုင် အဆင့်မြှင့်တင်နိုင်စွမ်းရှိသဖြင့် လူသားတို့ မတွေးတောနိုင်သော နည်းပညာရပ်များကိုပင် ကိုယ်တိုင်တီထွင်လာနိုင်မည့် စွမ်းအားရှင်ဖြစ်လာနိုင်ပါသည်။

ဤကဲ့သို့သော Super AI (သို့မဟုတ်) အဆင့်မြင့်လွန်ဉာဏ်ရည်တုစနစ်များနှင့် ပတ်သက်၍ ကမ္ဘာ့နည်းပညာရပ်ဝန်းနှင့် ပညာရှင်များအကြားတွင် စိုးရိမ်ပူပန်မှုနှင့် သတိပေးချက်များလည်းရှိနေပါသည်။ အကယ်၍ လူသားတို့ထက် အဆပေါင်းများစွာ သာလွန်ထက်မြက်သည့် ဉာဏ်ရည်တုစနစ်များ ပေါ်ပေါက်လာခဲ့ပါက လူသားမျိုးနွယ်၏ ကံကြမ္မာသည် ထိုနည်းပညာ၏လက်ထဲသို့ လုံးလုံးလျားလျား ရောက်ရှိသွားနိုင်ပြီး စနစ်တစ်ခုလုံးသည်လည်း လူသားတို့၏ ထိန်းချုပ်မှုအပြင်ဘက်သို့ ကျော်လွန်သွားနိုင်သည့်အန္တရာယ်ပင်ဖြစ်ပါသည်။

ထို့အတူ ကမ္ဘာ့ထိပ်တန်း AI သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်အသီးသီးကလည်း လူသားထက်သာလွန်သော ဉာဏ်ရည်တုစနစ်များသည် မကြာမီဆယ်စုနှစ်များအတွင်း ပေါ်ပေါက်လာနိုင်ကြောင်း ခန့်မှန်းထားကြပြီး စနစ်တကျ ကြိုတင်ထိန်းချုပ်လမ်းညွှန်နိုင်ရန်နှင့် လူသားမျိုးနွယ်အတွက် ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်သည့် ကြိုတင်ပြင်ဆင်မှု သုတေသနလုပ်ငန်းများကို ကမ္ဘာတစ်ဝန်းတွင် အထူးတလည် စတင်ပြုလုပ်နေကြပြီဖြစ်ပါသည်။

ခြုံငုံ၍ သုံးသပ်ရပါက AI ဉာဏ်ရည်တုနည်းပညာသည် စတင်မွေးဖွားချိန်မှ အနှစ် ၇၀ ခရီးအတွင်း ရိုးရှင်းသောသင်္ချာတွက်ချက်မှု စည်းမျဉ်းများမှသည် လူသားတို့၏ တီထွင်ဖန်တီးနိုင်စွမ်းကို စိန်ခေါ်နိုင်သည့်အဆင့်အထိ မျိုးဆက်အဆင့်ဆင့်ကို ကျော်ဖြတ်ကာ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ဤပြောင်းလဲမှုဖြစ်စဉ်သည် ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်စေရန် ကူညီပေးနေသည်မှာ ငြင်းပယ်၍မရနိုင်သော အမှန်တရားတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူသားများအနေဖြင့် AI ၏ မျိုးဆက်ပြောင်းလဲမှု လှိုင်းလုံးအဆင့်ဆင့်ကို ကောင်းမွန်စွာသိရှိပြီး မိမိတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် နည်းမှန်လမ်းမှန်ဖြင့် ပေါင်းစပ်အသုံးချသွားရန် အလွန်ပင် အရေးကြီးလှပါတော့သည်။ ။

**ကိုးကား**

“Artificial Intelligence: A Modern Approach” (4th Edition) by Stuart Russell and Peter Norvig, 2020

# သက်ရှည်ကျန်းမာကြံ့ခိုင်ဖို့ အရွယ်တိုင်းမှာ အာဟာရမျှတစွာ စားသုံးစို့

အောင်မင်း(ကျန်းမာရေးပညာ)

လူတစ်ဦးတစ်ယောက်၏ကျန်းမာရေးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်တွင် မူတည်နေပါသည်။ ထိုလေးချက်ထဲမှ ကိုယ်တိုင်ဖန်တီးလုပ်ဆောင်နိုင်သောအရာဖြစ်သည့် အာဟာရအကြောင်း ဆွေးနွေးတင်ပြလိုပါသည်။ ဘဝတစ်သက်တာလုံး ကျန်းမာရေးနှင့်ပြည့်စုံစေရေးအတွက် အသက်အရွယ်အလိုက်လိုအပ်သောအာဟာရများကို စနစ်တကျ ရွေးချယ်စားသုံးတတ်ရန် အရေးကြီးပါသည်။ မိခင်ဝမ်းတွင်း ကလလရေကြည် သန္ဓေတည်သည်မှ အိုမင်းရင့်ရော်၍ သေဆုံးသည်အထိ အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်သောအာဟာရဓာတ်များကို မျှတစွာစားသုံးရန် လိုအပ်ပါသည်။

**အာဟာရဓာတ်**

အာဟာရဓာတ်သည် အသွေး၊ အသား၊ အင်အားတို့ကိုဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ်အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများကို အစားအစာများစားသုံးခြင်းဖြင့် ရရှိနိုင်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးဆက်ပွားခြင်း၊ အင်အားဖြစ်စေခြင်းနှင့် ရောဂါကာကွယ်ခြင်းတို့အတွက် အာဟာရဓာတ်အမျိုးမျိုး လိုအပ်သည်။ အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား/မ၊ ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေတို့အပေါ်မူတည်၍ ကွာခြားသည်။ အာဟာရဓာတ်များစုံလင်စေရန် ဆန်၊ ဂျုံစသည့် ကောက်နှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုး စုံလင်အောင်စားရပါမည်။

**အစာမျိုးစုံစားဖို့ ဘာကြောင့်လိုအပ်ပါသလဲ**

ကျန်းမာစွာ အသက်ရှည်နိုင်ရေးအတွက် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ဗီတာမင်၊ သတ္တုဓာတ် စသည့်အာဟာရဓာတ်မျိုးစုံနှင့် ရေတို့ လိုအပ်ပါသည်။ မွေးစမှ အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းမှ အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာရရှိနိုင်သော်လည်း အသက် ခြောက်လကျော်လာသည့် ကလေး (သို့မဟုတ်) လူကြီးတစ်ဦးအတွက် အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာ ပေးနိုင်သည့် တစ်မျိုးတည်းသောအစာဟူ၍မရှိပါ။

- ကာဗိုဟိုက်ဒရိတ် အများဆုံးပါဝင်ပြီး ကျန်အာဟာရများ အနည်းငယ်စီ ပါဝင်သည့်အစာ၊
- ပရိုတင်းအများဆုံးပါဝင်ပြီး ကျန်အာဟာရများ အနည်းငယ်စီ ပါဝင်သည့်အစာ၊
- အဆီဓာတ်သာ အဓိကပါဝင်သည့်အစာ၊
- ဗီတာမင်နှင့် သတ္တုဓာတ်များသာ အဓိက ပါဝင်သည့်အစာဟူ၍သာ ရှိပါသည်။

ထို့ကြောင့် အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်ရန် အစာမျိုးစုံကို နေ့စဉ်စားဖို့လိုပါသည်။

**အစာမျိုးစုံအောင်ဘယ်လိုစားရမလဲ။**

ထမင်းသည် မြန်မာတို့ နေ့စဉ်စားနေကျ အဓိကအစာဖြစ်သည်။ ကာဗိုဟိုက်ဒရိတ်အများဆုံး ပါဝင်ပြီး ပရိုတင်း ခုနစ်ရာခိုင်နှုန်းခန့်ပါဝင်ကာ ဗီတာမင်အချို့လည်းပါဝင်သည်။ ဂျုံ၊ လူး၊ ဆပ်စသည့်ကောက်ပဲသီးနှံများ၊ အာလူး၊ ပိန်းဥ၊ ကန်စွန်းဥ စသည့်သစ်ဥသစ်ဖုများသည် ကာဗိုဟိုက်ဒရိတ်အများဆုံးကြွယ်ဝပြီး အင်အားဖြစ်စေသော အစာအုပ်စုတွင်ပါဝင်သည်။

အမဲဆီ၊ ဝက်ဆီ၊ မလိုင်၊ ထောပတ် စသည့် တိရစ္ဆာန်အဆီများ၊ နှမ်းဆီ၊ ပဲဆီ စသည့်အပင်ထွက်အဆီများက အဆီဓာတ်ကြွယ်ဝပြီး အင်အားဖြစ်စေသောအစာအုပ်စုတွင် ပါဝင်သည်။

အသား၊ ငါး၊ ပုစွန်၊ ဥအမျိုးမျိုး၊ နို့နှင့် ပဲအမျိုးမျိုး တို့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင် ပါဝင်သည်။

သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များသည် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝပြီး ရောဂါကာကွယ်စေသော အစာအုပ်စုတွင် ပါဝင်ပါသည်။

အစာမျိုးစုံအောင် စားသည်ဆိုရာတွင် ထမင်းနှင့်အတူ အင်အားဖြစ်စေသော အစာအုပ်စုမှ အစာတစ်မျိုး၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာတစ်မျိုး၊ ရောဂါကာကွယ်စေသော အစာအုပ်စုမှ အစာတစ်မျိုး (အနည်းဆုံး) ပါဝင်အောင် နေ့စဉ်စားရမည်။ ကောက်နှံဆိုလျှင် တစ်မျိုးတည်းမဟုတ် ကောက်နှံမျိုးစုံစားရမည်။ ပဲဆိုလျှင်လည်း ပဲမျိုးစုံ၊ အသီးအရွက်ဆိုလျှင်လည်း အသီးအရွက်မျိုးစုံအောင် စားရပါမည်။

**အဆီအမျိုးမျိုးကိုဆင်ခြင်၍ စားသုံးပါ။**

ဆီသည် အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေကဲ့သို့ ဆီ၌သာပျော်ဝင်သောဗီတာမင်တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့်အခါ ဆီကို ထည့်သွင်းစားသုံးဖို့လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid) ရရှိရန် ဆီကိုစားသုံးရပါမည်။ ဆီသည် နှုတ်ကိုမြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကိုလုံလောက်အောင်စားဖို့အရေးကြီးပါသည်။ ထို့ကြောင့် ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်သာဖြစ်၏။ သို့သော် ဆီစားသုံးရာတွင် ဆင်ခြင်တတ်ဖို့ အရေးကြီးပါသည်။

**အဆီအမျိုးမျိုးကို ဘယ်လိုဆင်ခြင်ပြီး စားသုံးကြမလဲ။**

နို့၊ မလိုင်၊ ထောပတ် စသည့်တိရစ္ဆာန်ထွက် အဆီများတွင် ပြည့်ဝသော ဖက်တီးအက်စစ် (Saturated Fatty Acids) များ ကြွယ်ဝသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့်အန္တရာယ် ပို၍များစေပါသည်။ ထိုအဆီများကို ဆင်ခြင်၍စားသုံးရမည်။ ဆိတ်သား၊ အမဲသား၊ ကြက်၊ ဘဲ၏အရေပြား စသည်တို့တွင် မျက်စိဖြင့် အလွယ်တကူမမြင်နိုင်သောအဆီများ ပါရှိနေသည်။ တတ်နိုင်သမျှ လျှော့၍စားသုံးပါ။

ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စသည့်အပင်ထွက် ဟင်းချက်ဆီများတွင် မပြည့်ဝသော ဖက်တီးအက်စစ် (Unsaturated Fatty Acids)များ ကြွယ်ဝသဖြင့် အသင့်အတင့်စားသုံးနိုင်ပါသည်။ အစားအစာများကို ဆီနှင့်ကြော်၍မစားဘဲ ပြုတ်၍စားခြင်း၊ မီးကင်မီးဖုတ်၍စားခြင်း၊ နို့ကို မလိုင်ထုတ်ပြီးမှ သောက်သုံးခြင်းတို့သည် ဆီကိုဆင်ခြင်၍စားသည့် နည်းများဖြစ်ပါသည်။ ပင်လယ်ငါးအချို့၏အဆီတွင် (Omega-3) ဖက်တီးအက်စစ်များကြွယ်ဝပြီး နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည့် ဂုဏ်သတ္တိရှိကြောင်း သိရပါသည်။

**ဆားနှင့် အငန်ဓာတ်စားသုံးမှုကို တတ်နိုင်သမျှ လျှော့ချပါ။ အိုင်အိုဒင်းဆားကိုသာ စားသုံးပါ။**

**အိုင်အိုဒင်းဆားကို ဘာကြောင့်စားသုံးသင့်သလဲ။**

ကလေးများ ပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာစားသုံးဖို့လိုအပ်သည်။ အိုင်အိုဒင်းအာဟာရသည် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ နို့၊ ဥ စသည့်အစားအစာမျိုးစုံတွင် အနည်းငယ်စီပါဝင်နေသည်။ ပင်လယ်မှ ထွက်သောအစာများ (ပင်လယ်ငါး၊ ပုစွန်၊ ကျောက်ပွင့် စသည်တို့)တွင် အိုင်အိုဒင်းအာဟာရပိုကြွယ်ဝသည်။ မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ၊ အစားအစာတစ်မျိုးတည်းမှ အာဟာရကို လုံလောက်စွာရရှိဖို့မသေချာပေ။ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိစေရန် မိသားစုတိုင်း အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးကြဖို့ လိုအပ်ပါသည်။

ပြည်သူအားလုံး အာဟာရပြည့်ဝမျှတပြီး ကျန်းမာကြံ့ခိုင်ရေးအတွက် ကလလရေကြည် သန္ဓေတည်သည့် ရင်သွေးငယ်ဖြစ်တည်ရာ ကိုယ်ဝန်ဆောင်ကာလမှသည် အသက်ရွယ်ကြီးရင့်သည်အထိ သင့်တင့်လျောက်ပတ်သော အာဟာရများကို မှီဝဲနိုင်ရေးအတွက် အသက်အရွယ်အလိုက် မည်သို့မည်ပုံ စားသောက်ရမည်ကို သိရှိနားလည်သဘောပေါက်စေရန် ဘဝတစ်သက်တာလုံး စောင့်ရှောက်မှုအသွင်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**၁။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အစာပိုစားပါ။**

**ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ ဘာကြောင့်အစာပိုစားဖို့လိုသလဲ။**

သန္ဓေသား၏ကြီးထွားမှုအတွက် လိုအပ်သော အာဟာရဓာတ်များကို မိခင်က ခွဲဝေပေးရသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အာဟာရပြည့်ဝသောအစာများကို သာမန်အချိန်ထက် ပို၍စားသုံးရန်လိုသည်။ မိခင်နို့ထုတ်လုပ်ရာတွင် အသုံးပြုရသည့်အာဟာရဓာတ်များ လုံလောက်စွာရရှိနိုင်ရန် နို့တိုက်မိခင်များသည် အစာပို၍စားဖို့ လိုအပ်ပါသည်။

စာမျက်နှာ ၁၇ သို့ ❑







> ❝အစာမျိုးစုံအောင်စားသည်ဆိုရာတွင် ထမင်းနှင့်အတူ အင်အားဖြစ်စေသော အစာအုပ်စုမှ အစာတစ်မျိုး၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာတစ်မျိုး၊ ရောဂါကာကွယ်စေသော အစာအုပ်စုမှ အစာတစ်မျိုး (အနည်းဆုံး) ပါဝင်အောင် နေ့စဉ်စားရမည်။ ကောက်နှံဆိုလျှင် တစ်မျိုးတည်းမဟုတ် ကောက်နှံမျိုးစုံစားရမည်။ ပဲဆိုလျှင်လည်း ပဲမျိုးစုံ၊ အသီးအရွက်ဆိုလျှင်လည်း အသီးအရွက်မျိုးစုံအောင် စားရပါမည်❞

# ၂၀၂၆ ခုနှစ် အောက်တိုဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၂ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ခြောက်သွေ့အခြေအနေနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် စိုစွတ်အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

■

## အောက်တိုဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | |
| ၁ | ဇောင်းတူ | ၁၀-၁၀-၂၀၂၆ | ၃၇.၁ | ၉၈.၈ | ၃၀-၁၀-၂၀၂၅ | ၃၆.၆ | ၉၇.၉ | ၃၉ |
| ၂ | ဖျာပုံ | ၁၀-၁၀-၂၀၂၆ | ၃၆.၂ | ၉၇.၂ | ၅-၁၀-၂၀၂၆ | ၃၆.၀ | ၉၆.၈ | ၂၅ |

မိုး/ဇလ

## ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့သည်။

ဦးစွာ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်လွင်မီသင်၊ ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီးသာသနဝေပုလ္လ သီလရှင်စာသင်တိုက်သို့ သွားရောက်ပြီး သီလရှင်ဆရာကြီးထံမှငါးပါးသီလခံယူဆောက်တည်ကာ ဆွမ်းဆန်တော်၊ ဆီ၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ မြရတနာသီလရှင်စာသင်တိုက်နှင့် ချမ်းမြေ့သိင်္ဂီသီလရှင်စာသင်တိုက်အားလည်းကောင်း၊ ပျဉ်းမနားမြို့နယ်ရှိ ဇေယျာရာမ သီလရှင်ပရိယတ္တိစာသင်တိုက်နှင့် သန္တာရာမသီလရှင်ပရိယတ္တိစာသင်တိုက်အားလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)





## ဝိုင်းမော်မြို့၌ UID ကတ်ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်

ဝိုင်းမော် အောက်တိုဘာ ၁၁

ကချင်ပြည်နယ် ဝိုင်းမော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးနှင့် မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့ ပူးပေါင်း၍ လမင်းစီမံချက်ဖြင့် UID ကတ်ထုတ်ပေးခြင်းကို အောက်တိုဘာ ၉ ရက်က မိုင်းနားကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်၌ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ဆရာတော်၊ သံဃာတော် ၇၆ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၁၃ ပါး စုစုပေါင်း ၈၉ ပါးတို့အား UID ကတ်များကို လက်ဝယ်အရောက်ဆက်ကပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မှော်ဘီမြို့နယ်၌ ရဟန်းသံဃာတော်များအား UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မှော်ဘီ အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၏ ဦးစီးဦးဆောင်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ယမန်နေ့တွင် မှော်ဘီမြို့ သာသနဗိမာန်တော်ကြီး၌ သံဃာတော်များအား UID ကတ် ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ်ရှိ သံဃာတော် ၉၈ ပါးတို့အား UID ကတ် ပြုလုပ်ဆောင်ရွက်ပေးပြီး မြို့နယ်လဝက ဦးစီးမှူး ဦးစီးဦးဆောင်၍ မြို့နယ်ဒု/လဝကမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာတော်များထံ UID ကတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာ ပါဒကြီးပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာ ၁၀ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်နှင့် ဝန်ထမ်းများက သံဃာတော်များအား သာသနာ့ဝန်ထမ်းကတ်များနှင့် UID ကတ်များ ဆက်ကပ်စဉ်။**

သန့်ဇင်ထွန်း





















## မြန်အောင်မြို့ မြို့မနေခြည်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**မြန်အောင် အောက်တိုဘာ ၁၁**

ရေဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မီးဘေးအန္တရာယ် ကင်းဝေးစေနိုင်ရန် ရည်ရွယ်၍ မြို့နယ်တာဝန်ရှိ ပူးပေါင်းအဖွဲ့များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မနေခြည်ဈေး၌ အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက စစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့မနေခြည်ဈေးအတွင်းရှိ မီးသတ်ရေငုတ်များ ရေထွက်အား ကောင်း/မကောင်းစစ်ဆေးခြင်း၊ မီးလောင်လွယ်သောအမှိုက်များ ကင်းစင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် စစ်ဆေးခြင်း၊ အကြံပြုခြင်းများနှင့် မီးသတ်ဆေးဘူးများထားရှိရေး စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရေဦးသာ**

> **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လက်ပံတန်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**လက်ပံတန်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရန်အတွက် မြို့ပေါ်လူစည်ကားရာ နေရာများတွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



လက်ကမ်း စာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လူစည်ကားရာ နေရာများဖြစ်သည့် မြို့မဈေးရှိ ဈေးဆိုင်များ၊ ဈေးဝယ်လာပြည်သူများ၊ အနေးယာဉ်လုပ်သားများအား အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးပြီး အသိပညာပေး ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

အရင်တစ်ပတ်က Lesson 9: Time and Date (အချိန်နှင့်ရက်စွဲ) ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ အချိန်နှင့်ရက်စွဲဆိုင်ရာ လေ့ကျင့်ခန်းများနှင့် Lesson 10: Describing People (လူများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 9: Time and Date (အချိန်နှင့်ရက်စွဲ)

(ယခင်တစ်ပတ်မှအဆက်)

**Dialogue 5 — Dates**

**(October / November / December)**

**A:** What's the date today?

**B:** It's ____________ 4th.

**A:** What month is it?

**B:** It's ____________.

**A:** What month comes after October?

**B:** ____________ comes after October.

**Dialogue 6 — Making an Appointment**

**(busy / fine / am / then)**

**A:** Are you free on Saturday?

**B:** Yes, I ____________.

**A:** Can we meet at 3 p.m.?

**B:** Sorry, I'm ____________ at 3 p.m.

**A:** How about 4 p.m.?

**B:** Yes, that's ____________.

**A:** Great. See you at 4 p.m.

**B:** See you ____________.

**Dialogue 7 — Favourite Day**

**(have / day / relax)**

**A:** What is your favourite ____________?

**B:** My favourite day is Sunday.

**A:** Why do you like Sunday?

**B:** Because I don't ____________ school.

**A:** What do you usually do on Sunday?

**B:** I usually ____________ with my family.

**Dialogue 8 — Favourite Month**

**(birthday / December / on)**

**A:** What is your favourite month?

**B:** My favourite month is ____________.

**A:** Why do you like it?

**B:** Because my ____________ is in December.

**A:** When is your birthday?

**B:** It's ____________ December 15th.

**Dialogue 9 — A Busy Day**

**A:** What time do you get up?

**B:** I get up at ____________.

**A:** What time do you go to school?

**B:** I go to school at ____________.

**A:** What time do you come home?

**B:** I come home at ____________.

**A:** What time do you do your homework?

**B:** I do my homework at ____________.

**A:** What time do you go to bed?

**B:** I go to bed at ____________.

**Dialogue 10 — My Birthday**

**A:** When is your birthday?

**B:** My birthday is on ____________.

**A:** What day is it this year?

**B:** It's on ____________.

**A:** What do you do on your birthday?

**B:** I usually ____________.

**A:** Who do you celebrate with?

**B:** I celebrate with ____________.

**A:** Do you like your birthday?

**B:** Yes, I ____________.

*********************************************

## Lesson 10: Describing People (လူများကို ဖော်ပြခြင်း)

ဒီသင်ခန်းစာမှာ လူတစ်ယောက်ရဲ့ ပုံပန်းသဏ္ဍာန် (Appearance) နဲ့ စိတ်နေသဘောထား/စရိုက် (Personality) ကို အင်္ဂလိပ်လို ဘယ်လိုပြောရမလဲဆိုတာ လေ့လာကြပါမယ်။




**(1) Physical Appearance (ပုံပန်းသဏ္ဍာန်ဖော်ပြခြင်း)**

ပုံပန်းသဏ္ဍာန်ပြောတဲ့အခါ **Be (is/am/are)** နဲ့ **Have/Has (got)** တို့ကို အဓိကသုံးပါတယ်။

**1. Height & Build (အရပ်နှင့် ကိုယ်အလေးချိန်/ကိုယ်လုံးကိုယ်ထည်)**

- **Tall** (အရပ်ရှည်သော) – He is tall. (သူက အရပ်ရှည်တယ်။)
- **Short** (အရပ်ပုသော) – She is short. (သူမက အရပ်ပုတယ်။)
- **Medium height** (အရပ်အသင့်အတင့်ရှိသော) (ဖြည့်စွက်) – He is of medium height. (သူက အရပ်အသင့်အတင့် ရှိပါတယ်။)
- **Slim / Thin** (သွယ်လျသော / ပိန်သော) – My friend is slim. (ငါ့သူငယ်ချင်းက ကိုယ်လုံးသွယ်တယ်။)
- **Chubby / Plump** (ဖီးဖီး၀၀ / ပြည့်ပြည့်ဖြိုးဖြိုး) – He is chubby. (သူက ဖီးဖီး၀၀လေးပါ။)

**2. Hair (ဆံပင်)**

ဆံပင်အကြောင်းပြောရင် **has got** (သို့) **have got** ကို သုံးပါတယ်။

**Tip (ဆံပင်အကြောင်းပြောဆိုနည်း အစဉ်အလာ):**

ဆံပင်ကိုဖော်ပြရာတွင် **Length (အရှည်) ➜ Shape (ပုံသဏ္ဍာန်) ➜ Color (အရောင်)** အစဉ်လိုက်ပြောရပါမည်။

- Example: **long straight black hair** (ရှည်ပြီးဖြောင့်နက်သော ဆံပင်)
- **Long / Short hair** (ဆံပင်ရှည် / ဆံပင်တို) – She has got long hair. (သူမမှာ ဆံပင်ရှည် ရှိတယ်။)
- **Straight / Curly / Wavy hair** (ဆံပင်ဖြောင့် / ကောက် / လှိုင်းတွန့်) – He has got curly hair. (သူ့မှာ ဆံပင်ကောက်ကောက် ရှိတယ်။)
- **Black / Brown / Blonde hair** (မည်းသော / ညိုသော / ရွှေရောင် ဆံပင်)
- **Bald** (ထိပ်ပြောင်သော) (ဖြည့်စွက်) – He is bald. (သူက ထိပ်ပြောင်တယ်။)

**3. Eyes (မျက်လုံး)**

- **Big / Small eyes** (မျက်လုံးကြီး / မျက်လုံးသေး)
- **Blue / Brown / Black / Hazel eyes** (ပြာသော/ ညိုသော/ မည်းသော/ မျက်မှန်ရောင် မျက်လုံးများ)
  - *Example: She has got big brown eyes. (သူမမှာ ညိုပြီးကြီးတဲ့ မျက်လုံးတွေ ရှိတယ်။)*

**(2) Personality / Character (စိတ်နေသဘောထားဖော်ပြခြင်း)**

သူတို့ရဲ့စရိုက် သို့မဟုတ် စိတ်နေစိတ်ထားကို ပြောတဲ့အခါ **is / am / are** ကို သုံးပါတယ်။

- **Friendly** (ဖော်ရွေသော) – She is very friendly. (သူမက အရမ်း ဖော်ရွေတယ်။)
- **Kind** (စိတ်ထားကောင်းသော/ကြင်နာတတ်သော) – My mother is kind. (ငါ့အမေက စိတ်ထားကောင်းတယ်။)
- **Funny** (ဟာသဉာဏ်ရှိသော) – He is a funny guy. (သူက ဟာသဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ။)
- **Quiet** (စကားနည်းသော/တိတ်ဆိတ်သော) – John is a quiet boy. (ဂျွန်က စကားနည်းတဲ့ ကောင်လေးတစ်ယောက်ပါ။)
- **Smart / Clever** (ထက်မြက်သော/ဉာဏ်ကောင်းသော) – She is a smart student. (သူမက ဉာဏ်ကောင်းတဲ့ ကျောင်းသူတစ်ယောက်ပါ။)
- **Hardworking** (ကြိုးစားလုံ့လရှိသော) – He is a hardworking worker. (သူက ကြိုးစားတဲ့ အလုပ်သမားတစ်ယောက်ပါ။)

**(3) Age & Facial Features (အသက်အရွယ် နှင့် မျက်နှာသွင်ပြင်)**

**1. Age (အသက်အရွယ်)**

- **Young** (ငယ်ရွယ်သော) – They are young. (သူတို့က ငယ်ရွယ်ကြတယ်။)
- **Middle–aged** (အသက်လတ်ပိုင်း) – My father is middle–aged. (ငါ့အဖေက အသက်လတ်ပိုင်းပါ။)
- **Old** (အသက်ကြီးသော) – My grandfather is old. (ငါ့အဘိုးက အသက်ကြီးပြီ။)
- **Teenager** (ဆယ်ကျော်သက်) – My brother is a teenager. (ငါ့မောင်က ဆယ်ကျော်သက်တစ်ယောက်ပါ။)

**2. Special Features (ထူးခြားသော မျက်နှာသွင်ပြင်များ)**

- **Beard** (မုတ်ဆိတ်မွေး) – He has got a beard. (သူ့မှာ မုတ်ဆိတ်မွေး ရှိတယ်။)
- **Mustache** (နှုတ်ခမ်းမွေး) – He has got a mustache. (သူ့မှာ နှုတ်ခမ်းမွေး ရှိတယ်။)
- **Glasses** (မျက်မှန်) – She wears glasses. (သူမက မျက်မှန် တပ်ထားတယ်။)
- **Dimples** (ပါးချိုင့်) – She has dimples when she smiles. (သူမ ပြုံးရင် ပါးချိုင့်လေးပေါ်တယ်။)

**(4) Opposites in Personality (ဆန့်ကျင်ဘက် စရိုက်လက္ခဏာများ)**

| Word (စကားလုံး) | Meaning (အဓိပ္ပာယ်) | Opposite (ဆန့်ကျင်ဘက်) | Meaning (အဓိပ္ပာယ်) |
|---|---|---|---|
| Polite | ယဉ်ကျေးသော | Rude | ရိုင်းစိုင်းသော |
| Generous | စေတနာကောင်းသော | Stingy | နှမြောတွန့်တိုသော |
| Shy | ရှက်တတ်သော | Outgoing / Confident | ပွင့်လင်းသော / ယုံကြည်မှုရှိသော |
| Honest | ရိုးသားသော | Dishonest | မရိုးသားသော |
| Patient | သည်းခံတတ်သော | Impatient | စိတ်မရှည်သော |
| Lazy | ပျင်းရိသော | Hardworking | ကြိုးစားလုံ့လရှိသော |

**(5) Describing Clothes & Style (ဝတ်စားဆင်ယင်မှု)**

လူတစ်ယောက်ရဲ့ အပြင်ပန်း ဝတ်စားဆင်ယင်မှုကို လက်ရှိဝတ်ထားပါက **Present Continuous Tense (is/are wearing)** နဲ့ သုံးပါတယ်။

- *He is wearing a white shirt and black pants.* (သူက အင်္ကျီအဖြူနဲ့ ဘောင်းဘီရှည်အနက်ရောင် ဝတ်ထားတယ်။)
- *She is wearing a blue dress.* (သူမက အပြာရောင်ဂါဝန် ဝတ်ထားတယ်။)
- *He always wears a hat.* (သူက အမြဲတမ်းဦးထုပ်ဆောင်းထားလေ့ရှိတယ်။) (အလေ့အထမို့ Present Simple သုံးထားခြင်းဖြစ်ပါသည်)

**(6) Useful Sentence Patterns (အသုံးများသော ဝါကျတည်ဆောက်ပုံများ)**

**1. Asking & Answering about Physical Appearance**

မေးခွန်း: **"What does he/she look like?"** (သူ/သူမက ဘယ်လိုပုံစံလဲ? – အပြင်ပန်းပုံပန်းသဏ္ဍာန်)

- **Pattern A: Subject + is/am/are + [Adjective]**
  - *He is tall.* (သူက အရပ်ရှည်တယ်။)
  - *She is slim and young.* (သူမက ကိုယ်လုံးသွယ်ပြီး ငယ်ရွယ်တယ်။)
- **Pattern B: Subject + has/have got + [Adjective + Noun]**
  - *She has got curly hair.* (သူမမှာ ဆံပင်ကောက်ကောက် ရှိတယ်။)
  - *He has got big brown eyes.* (သူ့မှာ ညိုပြီးကြီးတဲ့ မျက်လုံးတွေ ရှိတယ်။)
- **Pattern C (Combining both with "and"):**
  - *She is short and has got long hair.* (သူမက အရပ်ပုပြီး ဆံပင်ရှည် ရှိပါတယ်။)

**2. Asking & Answering about Personality**

**မေးခွန်း: "What is he/she like?"** (သူ/သူမက ဘယ်လိုလူမျိုးလဲ? – စိတ်ဓာတ်/စရိုက်)

- **Pattern: Subject + is/am/are + (very/so) + [Personality Adjective]**
  - *He is very kind.* (သူက အရမ်း ကြင်နာတတ်တယ်။)
  - *She is shy and quiet.* (သူမက အရှက်သည်းပြီး စကားနည်းတယ်။)
  - *My brother is very funny.* (ငါ့မောင်က အရမ်း ဟာသဉာဏ်ရှိတယ်။)
  - **"What does she look like?"** = မျက်စိနဲ့မြင်ရတဲ့ ပုံစံ (Appearance) ကို မေးတာပါ။
  - **"What is she like?"** = စိတ်နေသဘောထား/စရိုက် (Personality) ကို မေးတာပါ။ **(ဆက်လက်ဖော်ပြပါမည်)**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# စူပါအယ်လ်နီညိုကို နည်းပညာနဲ့ ရင်ဆိုင်ဖို့ ဘယ်လိုပြင်ဆင်နေကြလဲ

နီဇော်သစ်

ပစိဖိတ်သမုဒ္ဒရာ၏ ရေမျက်နှာပြင်အပူချိန်သည် ကမ္ဘာ့နာမည်ကျော် ရာသီဥတုဖြစ်စဉ်နှစ်မျိုးကို မွေးဖွားပေးသည်။ အယ်လ်နီညိုနှင့် လာနီညာ။ အပူလှိုင်းနှင့် အအေးလှိုင်း။ အရှေ့မြောက်ကုန်သည်လေ တိုက်ခတ်အားနည်းသည့်ကာလတွင် အယ်လ်နီညိုဖြစ်သည်။ အရှေ့မြောက်ကုန်သည်လေ အားကောင်းသည့်ကာလတွင် လာနီညာဖြစ်သည်။ ပုံမှန်ဆိုလျှင် ပုံမှန်ရာသီဥတုဖြစ်သည်။ ယခုနှစ်တွင် ပစိဖိတ်သမုဒ္ဒရာ ရေမျက်နှာပြင်သည် ထူးထူးကဲကဲပူသည်။ ရာစုနှစ်တစ်ခုစာ နီးပါးတွင် အပူဆုံးဖြစ်စဉ်ဟု ကျွမ်းကျင်သူများကဆိုသည်။ ထို့ကြောင့် ဖြစ်တည်လာသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကလည်း ပြင်းထန်မည်။ စူပါအယ်လ်နီညို။ သတိထားမိသည်ဖြစ်စေ၊ မထားမိသည်ဖြစ်စေ ကျွန်တော်တို့ စူပါအယ်လ်နီညိုကို စတင်ထိတွေ့နေကြရပြီ။

လူသားတို့သည် နည်းပညာသတ္တဝါများဟု ယနေ့ခေတ် ပညာရှင်တို့က သမုတ်သည်။ မှန်ပါသည်။ ကျွန်တော်တို့သည် သမိုင်းတစ်လျှောက် နည်းပညာများကို ဖန်တီးပြီး ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများကို ကျော်လွှားလေ့ရှိသည်။ နိစ္စဓူဝ အခက်အခဲတို့ကို ကျော်လွှားရန်၊ ရာသီဥတုကို ကြံ့ကြံ့ခံရန်၊ အစာကွင်းဆက်တွင် ထိပ်ဆုံးသို့ ရောက်လာရန် နည်းပညာကို အသုံးချခဲ့ကြသည်။ ထို့ကြောင့်လည်း ယခုလို ထူးခြားပြင်းထန်သည့် ရာသီဥတုမျိုးကိုဖြစ်လာမှ သိခြင်းမျိုးမဟုတ်ဘဲ ကြိုတင်ခန့်မှန်းနိုင်ခြင်းဖြစ်သည်။ သို့ဆိုလျှင် ထိုသို့ပြင်းထန်သောရာသီဥတုကို ဘယ်လိုမျိုးနည်းပညာများဖြင့် ရင်ဆိုင်ဖို့ပြင်ဆင်နေကြပါသလဲ။

နည်းပညာကြောင့် စူပါအယ်လ်နီညို အန္တရာယ်ကို အစောကြီးကတည်းက ကြိုသိထားသကဲ့သို့ မည်သည့်နိုင်ငံများအတွက် ပိုအရေးကြီးသလဲဆိုသည်ကိုပါ တွက်ချက်နိုင်သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)တို့က ပြီးခဲ့သည့် ဇွန်လအတွင်း ဦးစားပေးနိုင်ငံ ၂၂ နိုင်ငံစာရင်းကို ထုတ်ပြန်ခဲ့သည်။ စူပါအယ်လ်နီညိုဖြစ်စဉ်ကို ရင်ဆိုင်ရာတွင် ဦးစားပေး အကူအညီပေးမည့်နိုင်ငံများဖြစ်သည်။ ရာသီဥတုဒဏ်ကိုပိုခံရပြီး တိုင်းပြည်အနေဖြင့်လည်း အကူအညီလိုအပ်သည့်နိုင်ငံများကို ဦးစားပေးရွေးချယ်ထားခြင်းဖြစ်သည်။ ထိုနိုင်ငံများစာရင်းတွင် ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံများထဲမှ နှစ်နိုင်ငံပါဝင်နေသည်။ ဖိလစ်ပိုင်နှင့် အရှေ့တီမော။ ထို့ကြောင့် စူပါအယ်လ်နီညိုကိုရင်ဆိုင်ရန် ထိုနှစ်နိုင်ငံ ဘာတွေပြင်ဆင်ထားလဲဆိုသည်မှာ စိတ်ဝင်စားဖို့မကောင်းပါလား။




## ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံ၏ စူပါအယ်လ်နီညိုကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်နေသည့် နည်းပညာများထဲတွင် မြေအောက်ရေမြေပုံနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စနစ်တို့က စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က မိုးခေါင်မှုကိုရင်ဆိုင်ရန် မြေအောက်ရေအရင်းအမြစ်မြေပုံကိုသုံးပြီး ရေတင်နိုင်မည့်နေရာများကို ရှာဖွေနေကြောင်း ဖိလစ်ပိုင်အစိုးရက တရားဝင်ထုတ်ပြန်ကြေညာသည်။ မြေအောက်ရေအရင်းအမြစ်မြေပုံမှာ အများပြည်သူကြည့်ရှုနိုင်ရန် အင်တာနက်ပေါ်တွင် ဝက်ဘ်ဆိုက်အဖြစ် တင်ထားပြီးသားလည်း ဖြစ်သည်။ အဓိက ပါဝင်သည့်အချက်များမှာ ကျောက်သားအမျိုးအစား၊ ရေထွက်နှုန်းနှင့် ရေပြန်လည်ဖြည့်တင်းနိုင်မှုတို့ဖြစ်သည်။ ယခင်ကတည်းက တူးထားသော ရေတွင်းဟောင်းများထံမှ အချက်အလက်များ၊ ဘူမိသတင်းအချက်အလက်စနစ်ဟုဆိုနိုင်သည့် ဂျီအိုင်အက်စ်နည်းပညာတို့ကို သုံးပြီး နေရာအလိုက် မြေအောက်ရေရရှိနိုင်သည့် အခြေအနေကို ဖော်ပြထားသည့်မြေပုံ။ ထိုမြေပုံထဲမှ ရည်ညွှန်းချက်များအလိုက် အသုံးပြု၍ရနိုင်သည့် ရေထွက်အားကောင်းသောနေရာများကို ရှာဖွေပြီး မိုးခေါင်ရေရှားမှုကိုအန်တုရန် ဖိလစ်ပိုင်အစိုးရက စီစဉ်နေခြင်းဖြစ်သည်။

ထို့ပြင် ထိုနေရာများ၌ ရေတင်မည့် ရေစုပ်စက်များကိုလည်း နေရောင်ခြည်စွမ်းအင်သုံး ပန့်များဖြစ်အောင် စီစဉ်နေသည်။ လျှပ်စစ်ဓာတ်အား မရောက်နိုင်သည့်နေရာများတွင် ရေတင်စေနိုင်သလို မြေပုံကပေးသည့် အချက်အလက်များကို ကွင်းဆင်းလေ့လာရာတွင်လည်း သုံးနိုင်စေသည်။ အမှန်တွင် မြေပုံသည် အလားအလာရှိသောနေရာများကို ခန့်မှန်းနိုင်အောင်သာ အကူအညီပေးနိုင်ပြီး နောက်တစ်ဆင့်တွင် မြေပြင်ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန် အမှန်တကယ်လိုအပ်သည်။

ထိုနည်းပညာနှစ်မျိုးအပြင် ဖိလစ်ပိုင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဗဟို လူဇွန်ဒေသ တာလက်အရပ်တွင် လယ်ယာသုံး အလိုအလျောက် ရာသီဥတုတိုင်းတာရေးစခန်းကို တည်ဆောက်ခဲ့သည်။ ထိုစခန်းက အပူချိန်၊ စိုထိုင်းဆ၊ မိုးရေချိန်၊ လေတိုက်နှုန်း၊ နေရောင်ခြည်ရရှိမှုတို့အပါအဝင် လယ်ယာလုပ်ငန်းအတွက် အရေးပါသည့် ရာသီဥတုဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ်ထောက်လှမ်းပြီး ထုတ်ပြန်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ မိုး/ဇလခန့်မှန်းချက်များထက် ပိုမိုတိကျသည့် လယ်ယာဝန်းကျင် ရာသီဥတုအခြေအနေများကိုရရှိစေခြင်းဖြစ်ရာ ပိုမိုထိရောက်သည့်နည်းလမ်းဟုဆိုနိုင်သည်။

နောက်ထပ် စိတ်ဝင်စားဖို့ကောင်းသည့် နည်းပညာတစ်ခုမှာ ဖိလစ်ပိုင် လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် တပ်ဆင်ခဲ့သည့် လေထုထဲမှ ရေငွေ့ကို သောက်ရေအဖြစ်ပြောင်းပေးသော AWG ဟု အတိုကောက်ခေါ်သည့်စနစ်ဖြစ်သည်။ လေထု စိုထိုင်းဆပေါ်မူတည်၍ နေရာတိုင်းတွင် အသုံးမပြုနိုင်သည့်တိုင် လက်ရှိတပ်ဆင်ထားသည့်နေရာတွင် အိမ်ထောင်စု ၈၃၆ စုအတွက် သောက်ရေရရှိအောင် ဖြည့်တင်းပေးနိုင်မည်ဟုဆိုသည်။ လျှပ်စစ်အရင်းအမြစ်ကိုလည်း မဟာဓာတ်အားလိုင်း၊ နေရောင်ခြည်သုံးနှင့် မီးစက်သုံးမျိုးလုံး ဖြည့်ဆည်းပေးထားသည်ကို တွေ့ရသည်။

အနာဂတ်အစီအစဉ်အဖြစ်လည်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ဖိလစ်ပိုင် အာကာသအေဂျင်စီတို့ပူးပေါင်းပြီး ငါးနှစ်တာ စီမံကိန်းတစ်ခုကို ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်က စတင်ခဲ့သည်။ ဂြိုဟ်တုဓာတ်ပုံ၊ ပထဝီဝင် အချက်အလက်နှင့် အေအိုင်နည်းပညာတို့ကိုသုံးပြီး စိုက်ခင်းအခြေအနေ၊ ရေလှောင်နိုင်သည့်နေရာ၊ ရေကြီးမှုနှင့် မိုးခေါင်မှုအန္တရာယ်များကို စောင့်ကြည့်ရန် ရည်ရွယ်ထားသည့်စီမံကိန်းဖြစ်သည်။

## အရှေ့တီမော

အရှေ့တီမောတွင်မူ ကုလနှင့် အက်ဖ်အေအို တို့၏ အမှန်တကယ်ထောက်ပံ့မှုများဖြင့် ကြိုတင်ပြင်ဆင်နေသည်ကိုမြင်နိုင်သည်။ အထင်ရှားဆုံး ဥပမာမှာ စိုက်ပျိုးရေးညွှန်းကိန်းစနစ်ဟု ဆိုနိုင်သည့် ASIS နည်းပညာကို စတင်အသုံးပြုနေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးခေါင်မှုကို အွန်လိုင်းမှ စောင့်ကြည့်နိုင်သည့်စနစ်ဖြစ်သည်။ အရှေ့တီမော အစိုးရနှင့် အက်ဖ်အေအိုတို့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး Green Climate ရန်ပုံငွေအဖွဲ့က ငွေကြေးထောက်ပံ့ပေးထားသည်။

ထိုစနစ်တွင် အဓိကအားဖြင့် ဂြိုဟ်တုအာရုံခံစနစ်၊ မိုးခေါင်မှုပြမြေပုံနှင့် သတိပေးချက်၊ ဆုံးဖြတ်ချက်စနစ်ဆိုသည့် နည်းပညာသုံးမျိုး ပါဝင်သည်။ ဂြိုဟ်တုအာရုံခံစနစ်အရ စိုက်ခင်းများကို မြေပြင်တွင် သွားရောက်လေ့လာစရာမလိုဘဲ သီးနှံကြီးထွားမှုနှင့် ရေရရှိမှုအခြေအနေများကို စောင့်ကြည့်နေနိုင်၍ မိုးခေါင်ရေရှားဒေသများကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေနိုင်စေသည်။ မိုးခေါင်မှုပြမြေပုံမှာ အစိုးရကို မည်သည့်ဒေသသို့ မည်သည့် အထောက်အပံ့များ ပေးသင့်လဲဆိုသည်ကို ဆုံးဖြတ်စေနိုင်သည်။ သတိပေးချက်စနစ်မှာ လယ်သမား၊ ယာသမားများထံသို့နောက်ဆုံးမိုးလေဝသသတိပေးချက်များ အွန်လိုင်းမှ တိုက်ရိုက်ပို့ပေးနိုင်သည့်စနစ်ဖြစ်သည်။ သတိပေးချက်အပြင် ဘာလုပ်ရမလဲဆိုသည်ကို ဆုံးဖြတ်နိုင်ရန် ဆုံးဖြတ်ချက်ချမှတ်သည့်စနစ်ကိုလည်း ထည့်သွင်းပေးထားသည်။

ယခုဖော်ပြခဲ့သည့် အချက်အလက်များမှာ ကျွန်တော်တို့ အရှေ့တောင်အာရှ အိမ်နီးချင်းနှစ်နိုင်ငံ၏ တရားဝင် အစိုးရဝက်ဘ်ဆိုက်များမှရရှိသော အချက်အလက်များဖြစ်ပြီး စူပါအယ်လ်နီညိုကို နည်းပညာသုံးပြီး တောင့်ခံနိုင်ရန် ဘယ်လိုကြိုတင်ပြင်ဆင်နေကြသလဲဆိုသည်ကို မြင်သာစေပါသည်။ နောက်အပတ်များတွင်လည်း အခြားနိုင်ငံများ၏ အလားတူပြင်ဆင်နေသည့် နည်းပညာများကို ဆွေးနွေးသွားပါဦးမည်။

# ဟိုက်ဒရိုဂျင်သည် မော်လီကျူးအဖြစ် ဓာတ်ပြုကြောင်းတွေ့ရှိ



ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သည် ဓာတ်ပြုရာတွင် အက်တမ်အဖြစ် ပြိုကွဲပြီး ဓာတ်ပြုလေ့ရှိသည်ဟု ယူဆထားခဲ့ရာ ယခု ကွန်ပျူတာ မိုဒယ်အသစ်တစ်ခုအရ မော်လီကျူးအဖြစ်လည်း ဓာတ်ပြုပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို မက်သနောအဖြစ် ပြောင်းလဲပေးနိုင်သည့် အရေးပါသော ဓာတုဖြစ်စဉ်တွင် ထိုနည်းလမ်းအတိုင်း ဓာတ်ပြုကြောင်း တွေ့ရှိခဲ့ကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ကို အရေးပါသော လောင်စာတစ်မျိုးဖြစ်သည့် မက်သနောအဖြစ် ပြောင်းလဲရာတွင် ဟိုက်ဒရိုဂျင်နှင့် ပေါင်းပြီး ဓာတ်ကူပစ္စည်းအချို့ ထည့်ပေးရသည်။ သို့သော် အိန္ဒိယသိပ္ပံ အင်စတီကျူမှ သုတေသီများ ကွန်ပျူတာ မိုဒယ်ဖြင့် ခန့်မှန်းချိန်တွင်မူ မက်သနောထွက်မလာဘဲ ဖော်မစ်အက်စစ်သာထွက်လာသည့် အမှားအယွင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုအချိန်တွင် အဆင့်မြှင့်တင်ထားသည့်ကွန်ပျူတာ မိုဒယ်က အမှန်အတိုင်းတွက်ထုတ်ပေးနိုင်သည့်အပြင် ထိုဓာတုတုံ့ပြန်မှုဖြစ်စဉ်၌ ဟိုက်ဒရိုဂျင်သည် မော်လီကျူးအဖြစ် ဓာတ်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့မြင်ရစေခဲ့သည်။

အိန္ဒိယ သိပ္ပံအင်စတီကျူ ဓာတုအင်ဂျင်နီယာဌာနမှ တွဲဖက်ပါမောက္ခ အနတ်သ် ဂိုဗင်း ရာဂျန်က "အစပိုင်းမှာ ဓာတုတုံ့ပြန်မှု ၁၅၂ မျိုးနဲ့စမ်းသပ်တော့ အမှားအယွင်းဖြစ်ပြီး ဖော်မစ်အက်စစ်ထွက်တယ်လို့ပဲ ပြနေတာပါ။ မက်သနောထွက်မလာပါဘူး။ ကာဗွန်ဒိုင်အောက်ဆိုက်သုံးစွဲမှုကလည်း လျော့နေပါတယ်။ ကျွန်တော်တို့က ဓာတုတုံ့ပြန်မှုကို ထောင်နဲ့ချီတဲ့နည်းလမ်းတွေ ထည့်လိုက်တဲ့အချိန်ကျမှ လက်တွေ့လုပ်တဲ့အချိန်မှာ ထွက်လာတဲ့အတိုင်း ကွန်ပျူတာမိုဒယ်က ထုတ်ပြနိုင်တာပါ"ဟု ရှင်းပြသည်။

စာတမ်းရေးသားရာတွင် ပါဝင်သည့် ပါရဂူကျောင်းသား ရှီဗမ် ချာတူးဗေဒီကလည်း "ဟိုက်ဒရိုဂျင်က မော်လီကျူးအဖြစ် တုံ့ပြန်တယ်ဆိုတာ ကျွန်တော်တို့သင်ခဲ့ရတဲ့ စာတွေနဲ့ လုံးဝဆန့်ကျင်နေပါတယ်"ဟု ဆိုသည်။

ယခု ကွန်ပျူတာ မိုဒယ်အသစ်မှာ ဓာတ်ပြုနည်းပေါင်း ၉၃၈၉ မျိုးအထိ ပုံဖော်ပေးနိုင်ပြီး ကွမ်တမ်မက္ကင်းနစ်တွက်ချက်မှုများကိုပါ ထည့်သွင်းနိုင်ခဲ့သည်။ ယခုတွေ့ရှိမှုကြောင့် ဓာတ်ကူပစ္စည်းပုံစံကို ပိုကောင်းအောင်လုပ်နိုင်မည့်နည်းလမ်းများရှာတွေ့ရန် အလားအလာရှိလာသလို အန္တရာယ်ပေးသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို အသုံးဝင်သည့်လောင်စာအဖြစ် ပြန်လည်ထုတ်လုပ်နိုင်ရန် နောက်ထပ်အလားအလာများကိုလည်း အားကောင်းလာစေသည်။

Ref: scitechdaily

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## လှိုင်းဘွဲ့မြို့နယ်၌ သာသနာဝင်ရဟန်းများအား UID ကတ်များထုတ်ပေး

ဘားအံ အောက်တိုဘာ ၁၁

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့မွန်းလွဲပိုင်းတွင် လှိုင်းဘွဲ့မြို့မ ဘုန်းကြီးကျောင်း၌ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက သာသနာဝင် ရဟန်းများကို UID ကတ်များ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)



✻ ကျောက်ဖုံးမှ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပြပွဲတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြပွဲခန်းမအတွင်းရှိ ကျောက်မျက်ရတနာအရောင်းဆိုင်ခန်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာဝယ်ယူကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ ဝင်ငွေတိုးစီမံကိန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

မြောင်းမြ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဝင်ငွေတိုးစီမံကိန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြောင်းမြခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေလင်းက စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြောင်းမြခရိုင်၌ ဆောင်ရွက်ခဲ့သည့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများ ဖြစ်သည့် စက်ချုပ်နည်းပညာ သင်တန်းနှင့် ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းအခြေခံနှင့် မွမ်းမံသင်တန်း တက်ရောက်ခဲ့ပြီး ထူးချွန်၍ လုပ်ငန်းထူထောင်မည့်သူများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်သည်။

ဇေယျာ(ပြန်/ဆက်)



## အုတ်တွင်းမြို့ပေါ်ရှိ သစ်စက်များ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

အုတ်တွင်း အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့တွင် မြို့ပေါ်ရှိ သစ်စက်အဆောက်အအုံများ၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သစ်စက်အတွင်းရှိ အဆောက်အအုံများအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပေးခြင်း၊ လျှပ်စစ်မီးများ သုံးစွဲရာတွင် ခံနိုင်ဝန်ထက် ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်းသောလျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများနှင့် မီးသတ်ဆေးဘူးများ ထားရှိစေရေးနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေးဟောပြောပြီး DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ လက်တွေ့သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ပုဂံသီတင်းကျွတ်ပွဲတော်တွင် မီးပုံးပျံ ၃၀၀၀ အား နေရာသုံးနေရာမှ သုံးရက်တိုင် လွှတ်တင်မည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေ၌ ယခုလာမည့် သီတင်းကျွတ်ပွဲတော်ကာလတွင် ထူးခြားမှုအစီအစဉ်အဖြစ် မီးပုံးပျံများ လွှတ်တင်သွားမည်ဖြစ်ရာ ယခင်မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ရန် စီစဉ်ထားရာမှ မီးပုံးပျံ ၃၀၀၀ အား နေရာသုံးနေရာမှ သုံးရက်တိုင် လွှတ်တင်သွားမည်ဖြစ်သည်။

ပုဂံဒေသတွင် ခရီးသွားရာသီအကြိုဖြစ်သည့် သီတင်းကျွတ်ကာလတွင် နိုင်ငံတစ်ဝန်းမှ ပြည်တွင်းခရီးသွားများနှင့် ပြည်ပခရီးသွားများဖြင့် ယဉ်ကျေးမှုနယ်မြေအတွင်း စည်ကားများပြားလေ့ရှိပြီး ယခုနှစ် သီတင်းကျွတ်ပွဲတော်တွင် အညာဒေသအစားအစာများ၊ လက်မှုပစ္စည်းများ၊ အမှတ်တရ အဝတ်အထည်များ၊ ဒေသထွက်ကုန်များနှင့် လယ်ယာသုံးပစ္စည်းမျိုးစုံအပြင် အခြား



လူသုံးကုန်ပစ္စည်းများကို ပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ် ပွဲတော်တွင် မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ရန် ပြင်ဆင် ဆောင်ရွက်ခဲ့သော်လည်း ညပိုင်း လွှတ်တင်ရာတွင် လေကြောင်းပေါ် မူတည်၍ လွှတ်တင်ရခြင်း၊ ကျေးရွာများနှင့် လွတ်ကင်းရန် သတိပြုရခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများနှင့် လွတ်ကင်းရန် သတိပြုရခြင်းတို့ကြောင့် မီးပုံးအလုံးရေ ၃၀၀၀၀ အစား ၃၀၀၀ သို့လျှော့ချ၍ တစ်ရက်လျှင် မီးပုံးပျံ ၁၀၀၀ နှုန်းဖြင့် သုံးရက်တိုင် နေရာသုံးနေရာမှ ဒေသခံများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လွှတ်တင်သွားမည်ဖြစ်သည်။

ပုဂံသီတင်းကျွတ်ပွဲတော် ကာလတွင် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားလေ့ရှိပြီး အထူးသဖြင့် အထင်ကရဘုရား၊ စေတီများဖြစ်သည့် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ ငှက်ပစ်တောင်၊ တုရင်တောင်၊ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပုလ္လင်၊ ရွှေဆံတော်၊ ဗူးဘုရား၊ မဟာဗောဓိ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ပြဿဒ်ကြီး၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိကနှင့် ရှင်အဉ္စဂေါဏတို့တွင် ဆီမီးပူဇော်သူများဖြင့် အထူးစည်ကားများပြားလေ့ရှိသည်။

သီတင်းကျွတ်ပွဲတော် အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော် (၁)ရက်နေ့တို့တွင် အရှည်နှစ်ပေကျော်ရှိသည့် မီးပုံးပျံများကို တစ်ရက်လျှင် အလုံးရေ ၁၀၀၀ နှုန်းဖြင့် သုံးရက်တိုင် ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန်နှင့် အလိုတော်ပြည့် ကွင်းတို့မှ လွှတ်တင်ရန် ပဏာမရွေးချယ်ထားပြီး ရွှေဆံတော်ဘုရား အနောက်ဘက်ကွင်း၊ ရွှေစည်းခုံဘုရားကွင်းနှင့် အာနန္ဒာဘုရားကွင်းတို့၌ မီးကြာပန်းများ ထွန်းညှိပူဇော်ရန် ရွေးချယ်ထားကြောင်း သိရသည်။ **သတင်း-သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲ့မာန်**



# ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းကို ဂိုးပြတ်အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲဆက်

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ်(၈)အဖြစ် အောက်တိုဘာ ၁၀ ရက် ညပိုင်းက ဂီတာဖေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာနှုန်းပြည့် နိုင်ပွဲဆက်ခဲ့ပါတယ်။

**သွင်းယူ**

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် နှစ်မိနစ်မှာ အန်တိုနီဂေါ်ဒွန်က တစ်ဂိုး၊ မိနစ် ၃၀ မှာ ဂါဘရီယယ်ဂျီးဆပ်က တစ်ဂိုး၊ ၇၃ မိနစ်မှာ ကွန်ဒီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အန်တိုနီဂေါ်ဒွန်ဟာ ယခုနှစ် မေလအတွင်းက နယူးကာဆယ်အသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၆၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် ပထမဆုံး ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဂီတာဖေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်(၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ပွဲစဉ်အားလုံးအနိုင်ရရှိခဲ့လို့ ရမှတ်စုစုပေါင်း ၂၄ မှတ် စုဆောင်း နိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဂီတာဖေးအသင်းကတော့ စပိန်လာလီဂါပွဲစဉ်(၈)အပြီး မှာ ရမှတ်ရှစ်မှတ်သာစုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယား အဆင့် (၁၃)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ရီးယဲလ် မက်ဒရစ်အသင်းက ဗီလာရီးယဲလ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်အသင်းက အလာဗက်စ်အသင်း ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

# အက်စ်တွန်ဗီလာအသင်းကို သရေကစားပြီး ဘရန့်ဖို့ဒ်အသင်း ပရီမီယာလိဂ်ရှုံးပွဲမရှိစံချိန်တင်

ဘရန့်ဖို့ဒ်အသင်းဟာ ပရီမီယာလိဂ် ပွဲစဉ်(၆)အဖြစ် အောက်တိုဘာ ၁၀ ရက် ညပိုင်းက အက်စ်တွန်ဗီလာအသင်းရဲ့ အိမ်ကွင်းကို သွားရောက်ယှဉ်ပြိုင်ကစား ခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပါတယ်။

**ရှုံးပွဲမရှိစံချိန် ဆက်ထိန်း**

အဲဒီပွဲစဉ်မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ဘရန့်ဖို့ဒ်အသင်းဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘရန့်ဖို့ဒ်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်ယူနိုင်ခဲ့တဲ့ ခရစ္စတိုဖာ ဟာ ၂၀၂၄ ခုနှစ်က မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် နောက်ပိုင်း ပထမဆုံး ဂိုးသွင်းယူနိုင်ခဲ့တာ လည်းဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းနဲ့ ဘရန့်ဖို့ဒ် အသင်းတို့ပွဲစဉ်မှာ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့တာကြောင့် အက်စ်တွန်ဗီလာ အသင်းအနေနဲ့ ယခုဘောလုံးရာသီ အိမ်ကွင်း ပထမဆုံး နိုင်ပွဲရရှိမယ့်မျှော်လင့် ချက်လည်း ဝေးကွာခဲ့ရတာ ဖြစ်ပါတယ်။



ဘရန့်ဖို့ဒ်အသင်းဟာ အက်စ်တွန် ဗီလာအသင်းနဲ့ပွဲစဉ်မှာ သရေတစ်မှတ် ရယူနိုင်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၀ မှတ် စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေး ဇယားအဆင့်(၄)နေရာမှာ ရပ်တည်နိုင်ခဲ့ တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာ အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီး ချိန်မှာ ရမှတ် ၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၁၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ ဂျာမန် ဘွန်ဒက်လီဂါကလပ် ဒေါ့မွန် အသင်းမှ အသက် ၁၇ နှစ်အရွယ်ရှိ အမေရိကန်တိုက်စစ်မှူး အဲလ်ဗက် အား နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း စာချုပ်ချုပ်ဆို ခေါ်ယူရန် ပြင်ဆင်လျက်ရှိပါတယ်။
- ချယ်လ်ဆီးအသင်းဟာ မိုနာကို ကွင်းလယ်ကစားသမား ကာမာရာ အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိ ပေမယ့် မိုနာကိုအသင်းက တောင်းဆိုထားတဲ့ ပြောင်းရွှေ့ ကြေး ယူရိုသန်း ၇၀ အထိ ပေးချေ ဖို့ ဆန္ဒမရှိဘူးလို့ သိရပါတယ်။
- လီဗာပူးလ်အသင်းဟာ ဘာစီလိုနာ အသင်းကစားသမား ကွန်ဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ဘာစီလိုနာအသင်းက ပြင်သစ် နောက်တန်းကစားသမား ကွန်ဒီရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၆၀ သတ်မှတ်ထားတယ်လို့ သိရပါ တယ်။

# ရှက်ဖီးလ်ယူနိုက်တက်အသင်းရဲ့ ဝါရင့်ကစားသမား ဘီလီရှက် ကစားသမားဘဝမှ အနားယူ

ရှက်ဖီးလ်ယူနိုက်တက်အသင်းရဲ့ ဝါရင့်ကစားသမားတစ်ဦးဖြစ်တဲ့ ဘီလီရှက်ဟာ လက်ရှိအသက် ၄၀ အရွယ်မှာ ကစားသမားဘဝ ကနေ အနားယူလိုက်ပြီ ဖြစ်ပါ တယ်။



ဘီလီရှက်ဟာ ကစားသမား ဘဝမှာ ဆောက်သမ်တန်အသင်း၊ နော်တင်ဟမ်ဖော့ရက်စ်အသင်း၊ လိဒ်စ်ယူနိုက်တက်အသင်း၊ ဟားစ်စီးတီး အသင်း၊ ရီးဒင်းအသင်း၊ ဒွန်ကစတာရိုဗာအသင်းတို့မှာ ပါဝင်ကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၂၂ နှစ်တာဖြတ်သန်းခဲ့ချိန်မှာ သွင်းဂိုး ၂၉၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဘီလီရှက်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကုန်က ဒွန်ကတ်စတာအသင်း ကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပြီး ပီတာဘရော့အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကစားသမားဘဝနောက်ဆုံးပွဲစဉ်မှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

# အင်တာမီလန်အသင်း ဂိုးပြတ်နိုင်ပွဲရပြီး အမှတ်ပေးဇယားထိပ်၌ ဆက်လက်ရပ်တည်

အင်တာမီလန်အသင်းနဲ့ ပါးမားအသင်း တို့ အောက်တိုဘာ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင် ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ အင်တာ မီလန်အသင်းက ဂိုးပြတ်အနိုင်ရပြီး အမှတ်ပေး ဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်း အတွက် သွင်းဂိုးတွေကို ဆူဆစ်က တစ်ဂိုး၊ ကယ်ဟာနော့လူးက တစ်ဂိုး၊ တူရမ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပါးမားအသင်း ကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေ ပွဲစဉ်(၆)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၆ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပါးမားအသင်းကတော့ အင်တာမီလန် အသင်းကို ရှုံးနိမ့်ခဲ့လို့ အီတလီစီးရီးအေပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၇) နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဇီဝဇိုးငှက်ရဲ့ သတင်းစုံ




ဒေါက်တာတင့်ဆွေ (B.V.S) ရေးသားသည့် ဇီဝဇိုးငှက်ရဲ့ သတင်းစုံစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အပိုင်း(၁) နိဒါန်း၊ အပိုင်း(၂) အထွေထွေအကြံပြုချက်များ၊ အပိုင်း (၃) စိုထိုင်းဆ၊ အပိုင်း (၄) ငှက်အိမ်ဒီဇိုင်း၊ အပိုင်း(၅) ငှက်ချေးအနုပညာ၊ အပိုင်း(၆) စီမံခန့်ခွဲမှု၊ အပိုင်း(၇) သားရဲ တိရစ္ဆာန်အန္တရာယ်၊ အပိုင်း(၈) သတင်းစုံနှင့် အပိုင်း(၉) နိဂုံးချုပ်တင်ပြချက်ဟူ၍ ပါရှိသည်။

ဇီဝဇိုးငှက်တို့သည် သမပိုင်းရာသီဥတုၐသာ နေထိုင်ကြသည်။ ပူလွန်းအေးလွန်းလျှင် ၎င်းတို့မနေနိုင်ပါ။ ထို့ကြောင့် ရာသီဥတုမျှတသော အရှေ့တောင်အာရှတွင်သာ နေထိုင်ကျက်စားကြသည်။ ဇီဝဇိုးငှက်တို့သည် အသိုက်လုပ်ရန် ရွေးချယ်ရာတွင် မှောင်ရမည်၊ အေးရမည်၊ စိုထိုင်းဆရှိရမည်၊ ၎င်းတို့နှင့် ၎င်းတို့ကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာကို ရွေးချယ်ကြသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့၏ ကျွန်းများပေါ်တွင် လိုဏ်ဂူများရှိရာ နေရာများသည် ဇီဝဇိုးငှက်တို့၏ အကြိုက်နေရာများ ဖြစ်သည်။ လိုဏ်ဂူများထဲမှာပင်အမြင့်နေရာကို ရွေးချယ်၍ အသိုက်လုပ်လေ့ရှိသည်။ အရှေ့တောင်အာရှ (၇) နိုင်ငံတွင်သာရှိသော ဇီဝဇိုးငှက်ကလေးများကို အကြောင်းပြု၍ (၆) နိုင်ငံတွင် ဝင်ငွေအမြောက်အမြားရရှိနေသည်ကို တွေ့ရသည်။

အဆိုပါစာအုပ်ကို ဖုန်း ၀၉ ၇၉၉၅၂၉၇၅၁ နှင့် ၀၉ ၂၅၀၀၀၀၁၁၀ သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်ပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားသည်။

## နှလုံးလှပညာ




ဦးမင်းဦး (မဟာပညာရေး) မြတ်မင်းဦး (ကာယ၊ ကျောင်းကျန်းမာ) ရေးသားသည့် နှလုံးလှပညာစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် နှလုံးလှပညာ၊ မြန်မာ့ပညာရေး၏ စာရိတ္တနှင့် ပြည်သူ့နီတိ၊ စာကိုလည်းသင် စိတ်လည်းပြင်၊ ပညာတတ်မြော်မြင် စည်းကမ်းစောင့်ထိန်း အပျော်လျှော့ကာ နိုင်ငံ့အနာဂတ်ကို ထူထောင်ကြပါစို့၊ ၂၁ ရာစုဆရာအတတ်ပညာ၊ KG+12 ပညာရေးစနစ်နှင့် ကာယပညာအခန်းကဏ္ဍ၊ အနာဂတ်လူငယ်တိုင်း ကျန်းမာကြံ့ခိုင်ဖို့ ကာယပညာကို လေ့လာသင်ယူစို့၊ နားလည်မှုကို အခြေခံ၍ ကစားနည်းများသင်ကြားခြင်း၊ အားလုံးအတွက် ကျောင်းကျန်းမာရေး၊ အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက တည်ဆောက်စို့၊ ကျောင်းကျန်းမာရေး အလေးပေး၊ ကျောင်းသားအာဟာရပြည့်ဝရေး ကျောင်းမုန့်ဈေးတန်းက စတင်ပေး၊ သတိပြုဆင်ခြင်စရာ ကိုဗစ်-၁၉ လွန်ကာလမှာ၊ သုတေသနဟူသည်၊ အသက်သွေးကြော၊သုတေသနအလင်းရောင်၊ဒီဇင်ဘာအားကစားလနှင့် လမ်းလျှောက်ခြင်းကျန်းမာရေး၊ ခြေလှမ်း ၁၀၀၀၀ အစ ဒီဇင်ဘာအားကစားလ စသည့်ဆောင်းပါး (၁၈) ပုဒ်ပါရှိသည်။

သုတေသနမှသည် ဆောင်းပါးတွင် ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက် သုတေသနယဉ်ကျေးမှုကို မြှင့်တင်ရမည်ဖြစ်ပြီး သုတေသနရလဒ်များကို စနစ်တကျအသုံးချခြင်းဖြင့်သာ ကျောင်းသားဗဟိုပြု သင်ယူမှုနှင့် အရည်အသွေးပြည့်ဝသော ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ အမှတ် ၂၈ (က)၊ ၁/အနော်မာ ၃ လမ်း (အနောက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ထုတ်ဝေသည်။

## နှစ်ယောက်ထဲနေချင်တာ အပြစ်လား



ဇမ္ဗူမြိုင် ဦးစံမြိုင် ရေးသားသည့် နှစ်ယောက်ထဲနေချင်တာ အပြစ်လား စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် နှစ်ယောက်ထဲနေချင်တာ အပြစ်လား၊ သမီးကြီးနဲ့ သမီးလတ်၊ အမေ့ကျေးဇူး၊ ငယ်ဘဝ နှလုံးသားအာဟာရ၊ ကျွန်တော်နဲ့ သိုင်းပြောင်းပြန်၊ မြင်ဆရာ ကြားဆရာ၊ ပွဲကိုင်ရှင်နဲ့ ရွက်လွှင့်သူရဲ့ အတိတ်ပန်းချီကား၊ ရွာခလေ့အမွေ၊ ရိုးလယ် တိုးကြွယ်ကိုးမယ်၊ လယ်ထွန်သွား နွားမေ့၊ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ၊ တစ်လုပ်စားဖူး သူ့ကျေးဇူး၊ အတက်နဲ့ အကျ၊ အချိန်ကို တန်ဖိုးရှိစွာ ဆောင်ရွက်ပါ၊ လယ်သမားများအတွက် လမ်းညွှန်၊ ကြုံရတွေ့ရ နေ့တစ်နေ့ရဲ့အချိန်ကာလ၊ တစ်မနက်ကုသိုလ် တစ်မနက်အတွေး၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကျန်းမာရေး၊ အမုန်းသံသရာဇရပ်ကြီး၊ နှစ်သစ်မင်္ဂလာဆည်းဆာရိပ် ဘိုးဘွားရိပ်သာ၊ အငယ်ဆုံးသမီး၊ နှစ်ယောက်ထဲနေချင်တာအပြစ်လား စသည့်ဆောင်းပါး (၂၂)ပုဒ်နှင့် ရွေးချယ်မှု၊ ဒို့ရွာဇနပုဒ် မေတ္တာ၊ ဆရာကြီးဇော်ဂျီ၏ သင်သေသွားသော် စသည့် ကဗျာ (၃)ပုဒ်ပါရှိသည်။

လူတိုင်း မကောင်းမှုဒုစရိုက်များကို ရှောင်ရှားပြီး ကောင်းသည့် သုစရိုက်လုပ်ငန်းများကိုသာ လုပ်ဆောင်ကြရန် တိုက်တွန်းချင်သည့် ဆန္ဒဖြင့် ရေးသားထားခြင်းဖြစ်ကြောင်း စာရေးသူက ဆိုထားသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ဖုန်း ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၉၆၅၀၂၀၀၆၈၊ အမှတ် (၂၂၀)၊ ၃၁ လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်နှင့် ရွှေသရဖူဆန်ဆိုင်၊ ၀၉ ၇၅၆၅၃၂၃၉၈၊ အမှတ် (၃၀၃)၊ ၂၆ လမ်း၊ အနော်ရထာလမ်းထိပ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

❖ **တပ်မတော်မှ**

အဆင့်အလိုက် ဖလိုင်းဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊ ဟဲဗီးဝိတ်တန်း ဗိုလ်လုပွဲပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ (၃၃) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တို အတိုက်(က)တန်း ဗိုလ်လုပွဲပွဲစဉ်၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(က)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက် ဗိုလ်လုပွဲစဉ်၊ အမျိုးသားဓားတစ်လက် အတိုက် (က)တန်း ဗိုလ်လုပွဲပွဲစဉ်၊ အမျိုးသားဓားနှစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲပွဲစဉ်၊ အမျိုးသမီး ဓားတစ်လက်အတိုက် ဗိုလ်လုပွဲပွဲစဉ်၊ ခွဲမှူးဆရာအဆင့် ဓားနှစ်လက် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် အချုပ်၊ အဖြည် စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။



အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စံပယ် (၆) အားကစားရုံ၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော် (ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပရာ အခြေခံအထိ(၆)ချက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းလေးသင်းမှလည်းကောင်း၊ (၄) ပေါက်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းလေးသင်းမှလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၅၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား (၆၃)ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအကြို ဗိုလ်လုပွဲပွဲစဉ်အဖြစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့သည် ဇေယျာသီရိ တပ်မတော် အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သည်။

ပြိုင်ပွဲပထမပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် အုပ်စုပထမဖြင့် တက်ရောက်လာသော အသင်းဖြစ်သည်နှင့်အညီ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းဘက်သို့ ဂိုးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေး တိုက်စစ်ဆင်ကစားခဲ့ပြီး ပထမပိုင်းပွဲကစားချိန်ပြီးခါနီးချိန် ၄၅ မိနစ် ၂၅ စက္ကန့်တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ပထမပိုင်း ပွဲကစားချိန်အပြီးတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။



ဒုတိယပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် ချေပဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ကြိုးပမ်းကစားခဲ့သော်လည်း ပွဲကစားချိန် ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အောက်တိုဘာ ၁၆ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပညာ ရွှေအိုးလူမခိုး | ပညာရဲရင့် ပွဲလယ်တင့်

# ပြည်ကြီးတံခွန်မြို့နယ်၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ပြည်ကြီးတံခွန် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က



အပူဒဏ်ကြောင့်ဖြစ်တတ်သော ကျန်းမာရေးအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးက မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ✻ M-League မှ

ရန်ကုန်စီးတီးအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ... ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ နိုင်ပွဲရယူပြီး နှစ်ပွဲဆက်ရယူခဲ့သလို ထိပ်ဆုံးမှ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရမှတ်တူသွားခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရှုံးကန်နေရပြီး ရာသီအစ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၅ မိနစ်တွင် မတ်ခ်ဆာကီနှင့် ၅၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အက်ဆင်ဂျူနီယာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရန်ကုန်စီးတီးအသင်း တန်းတက်လာပြီးနောက် ပထမဆုံးတွေ့ဆုံသည့် ရန်ကုန်ဒါဘီပွဲတွင် ရန်ကုန်ယူနိုက်တက်ကို အဝေးကွင်း၌ အနိုင်ယူခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမဆုံးရှုံးပွဲကို အိမ်ကွင်း၌ ရင်ဆိုင်ခဲ့ရပြီး ဒုတိယနေရာမှ ဆင်းပေးခဲ့ရသည်။ ပွဲအစ နှစ်မိနစ်မှာပင် ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူ ပက်ဒရိုက ခေါင်းတိုက်ပြီး ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး မိနစ် ၂၀ တွင် သန်းပိုင်က ထောင့်ကန်ဘောမှတစ်ဆင့် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားပြခဲ့သဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး မိနစ် ၇၀ တွင် ရန်ကုန်ယူနိုက်တက်နောက်ခံလူ ဟိန်းဇေယျာလင်း ဖျက်ထုတ်ပုံမသေသပ်ရာမှ တစ်ဆင့် ကာရမ်က ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီး နောက်ခံလူ ပက်ဒရိုကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ်(၃)အပြီးတွင်ဒဂုံစတားယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ခုနစ်မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်နှင့် ရန်ကုန်စီးတီးအသင်းတို့က ငါးမှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက လေးမှတ်၊ ရောဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ ဟံသာဝတီယူနိုက်တက်၊ မြဝတီ၊ အား/ကာသိပ္ပံနှင့် Chinland အသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**သတင်း – ညီမြတ်သော်တာ**
**ဓာတ်ပုံ – ညီညီမင်း (ML)**

## ★ မြန်မာမှ

လက်ရွေးစင်အမျိုးသမီးအသင်းကို ကိုင်တွယ်ရာတွင် ထိုက်သင့်သည့် အောင်မြင်မှုရယူပေးနိုင်ခဲ့သလို ယခု ယူ–၁၇ အမျိုးသမီးအသင်းကို ကိုင်တွယ်ရာတွင်လည်း ပထမဆုံးပြိုင်ပွဲမှာပင် အာရှခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး မြန်မာအသင်းသည် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော် အဝေးကန်ချက်များဖြင့် ဂိုးရယူနိုင်ရာတွင် အားသာသည့် ဟောင်ကောင်အသင်းသည် ၂၈ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့ပြီး ဝမ်ယီက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ဆက်တိုက်ဖိကစားလာပြီး ၄၂ မိနစ်တွင် အသင်းခေါင်းဆောင် ရှင်းသန့်ဖြူစင်ပြုံးက ဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် ဆက်လက်ဖိကစားခဲ့ပြီး မိနစ် ၆၀ တွင် သက်သက်ဝေက အဝေးကန်ချက်ဖြင့်အနိုင်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ထိန်းကစားခဲ့ပြီး ဟောင်ကောင်အသင်း တိုက်စစ်ဆင် ဂိုးရရန် ကြိုးပမ်းမှုများကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သည်။

အုပ်စု(G) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး သုံးမှတ်ရသည့် ဟောင်ကောင်အသင်းနှင့် နှစ်ပွဲစလုံးရှုံးသည့် ဂူအမ်အသင်းတို့မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ မြန်မာအသင်းသည် ဂူအမ်အသင်းကို ကိုးဂိုး–ဂိုးမရှိ၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – စိုးညွန့်သော်**

## ● MFF မှ

ပွဲစဉ် (၁၃) အပြီးတွင် ဇယားထိပ်ဆုံး၌ ရမှတ်တူဖြင့် အပြိုင်ဖြစ်နေသည့် နှစ်သင်းအနက် SGF Youth အသင်း နိုင်ပွဲပျောက်ဆုံးသဖြင့် နိုင်ပွဲရသည့် Victoria အသင်း လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၄) တွင် United City အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး – နှစ်ဂိုး၊ Mahar Burma အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး–နှစ်ဂိုး၊ Victoria အသင်းက ဘူရှီဒိုအသင်းကို ကိုးဂိုး – ငါးဂိုး၊ Pacific Sun Far အသင်းက TKA Stars အသင်းကို ကိုးဂိုး – ဂိုးမရှိဖြင့် အနိုင်ရပြီး Avengers Junior အသင်းနှင့် မာရိန်းအသင်း တစ်ဂိုးစီသရေ၊ Jullniss အသင်းနှင့် SGF Youth အသင်း လေးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၁၄) အပြီးတွင် Victoria အသင်းက ၃၇ မှတ်၊ SGF Youth အသင်းက ၃၅ မှတ်၊ Mahar Burma အသင်းက ၂၈ မှတ်၊ FFU မင်းမဟော်အသင်းက ၂၅ မှတ်၊ United City အသင်းက ၂၄ မှတ်၊ Avengers Junior အသင်းနှင့် Pacific Sun Far အသင်းက ၂၃ မှတ်စီ၊ Jullniss အသင်းက ရမှတ် ၂၀၊ TKA Stars အသင်းက ၁၅ မှတ်၊ ဘူရှီဒိုအသင်းက ၁၀ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းက နှစ်မှတ် ရရှိထားသည်။ **သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

**"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သမိုင်း(၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၈၃)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပဉ္စမထပ်(ဖလွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ½ x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"**

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဒေါ်သင်းသင်းခိုင်[၁၀/ကထန(နိုင်)၁၀၅၆၁၄]မှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင့်သူဝင်းခိုင်[၇/မလန(နိုင်)၀၉၀၇၃၈]မှ(၁၀–၁၀–၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင့်သူဝင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၅၄၄၂၄၈၂၂**

## မူပိုင်ခွင့်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ ရတနာပုံ(၂)လမ်း၊ အမှတ်(144/A)နေ ဒေါ်ခိုင်ဇာသွယ်(ခ) ဒေါ်ခြူးစစ်ဟန် (ဘ) ဦးစန်းလှိုင် [၁၂/သကတ(နိုင်)၁၉၉၇၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

MMEC
Myanmar Marine Education Centre

စာချုပ်စာတမ်းရုံးမှတ်ပုံတင်အမှတ်–၄/၇၅၉၉
WIPO Filling Application No.T/2026/005663

အထက်ဖော်ပြပါ " MMEC " (Myanmar Marine Education Centre) လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ရေကြောင်းပညာရပ်ဆိုင်ရာ အထောက်အကူပြုသင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခြင်း၊ ရေကြောင်းသင်တန်းနှင့် သက်ဆိုင်သည့် သင်ရိုးညွှန်တမ်းစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများအပါအဝင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့တွင် အသုံးပြုလျက်ရှိပါသည်။

သို့ပါသောကြောင့် အဆိုပါ " MMEC " (Myanmar Marine Education Centre) လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပသုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာလွင် LL.B, DBL, DIL**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၈၈၀)(၂၂–၁၂–၂၀၂၃)**
**အမှတ်(၂၇၀)၊ ဦးဥတ္တမလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၈၄၃၃၃၄၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဘ)ဦးအတုန်၏ သမီးဖြစ်သူ မခင်ခင်ပြုံး[၆/ကသန(နိုင်)၀၃၁၄၇၁]နှင့် ကီ(ခ)ခင်ခင်ပြုံး[၆/ကသန(နိုင်)၀၃၁၄၇၁] တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကီ(ခ)ခင်ခင်ပြုံး**

## ကျေးဇူးဆပ်ပါမည်

(၁၄–၉–၂၀၂၆)ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ရှေ့ရပ်ကွက်၊ အမှတ်(၉၄)၏ ဂရန်မူရင်း၊ ၎င်းမြေကွက်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းမိတ္တူများ ပါဝင်သောအိတ်သည် ရန်ကုန်မြို့တွင်းမှ မြောက်ဒဂုံမြို့နယ်သို့ စီးလာသည့် အငှားယာဉ်(နံပါတ်မမှတ်မိ) ပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဒေါ်သီသီစိုး ဖုန်း 092133066 ထံသို့ ဆက်သွယ်ပေးပါရန်။

**ဒေါ်သီသီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ဇေယျာထွန်း**
**အထက်တန်းရှေ့နေ (စဉ်–၅၅၆၉၇)**
**Ph:09–428043739**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၁၁–၁၀–၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဟန်သီတိုး၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းတွင် ဒေါ်ပန်းအိဖြူ[၁၂/ဥကတ(နိုင်)၁၈၈၇၅၇] အစား ဒေါ်ပိုးအိဖြူ[၁၂/ ဥကတ(နိုင်)၁၈၈၇၅၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဥတုရာသီ တောကို မှီ၏

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ–၁၆)၊ ဦးပိုင်အမှတ်(၉၈)ခဲစင်း၊ ၆၇x၆၈ကြား၊ ၁၁၉x၁၂၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သန်း၏ (SP ရရှိသူ ဦးအောင်သိန်းညွန့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၉၆/၂၀၂၆) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရှီဆိုက်မန့်[၁၃/တမည(နိုင်)၀၀၇၀၆၃]က အမှုတွဲအမှတ်(၂၈၁၈/၂၀၂၆–၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅–ကန်ဘဲ့)၊ မြေကွက်အမှတ်(၇၊ ၈) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် The Central Tower 3 (R3) ၏ Level – 3A ၊ Unit–N ကွန်ဒိုအခန်းအား ဝယ်ယူထားခြင်းနှင့် ပတ်သက်၍ Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တောင်ကိုရီးယားနိုင်ငံနေ Mr. Kim Sung Moon (Passport No. M03839237) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

Marga Landmark Development Co., Ltd သည် အထက်ဖော်ပြပါ The Central Tower 3 (R3) အား ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါအခန်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့တွင် လက်ရောက်လွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ ကျွန်ုပ်မိတ်ဆွေ Mr. Kim Sung Moon အား ယုံကြည်အောင်ပြောဆို၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့သဖြင့် (၁၄–၁၁–၂၀၁၈)ရက်နေ့တွင် ဝယ်ယူရန်အတွက် အခန်း၏သတ်မှတ်ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို စတင်ပေးချေခဲ့ပြီး (၂၇–၁၂–၂၀၁၈)ရက်နေ့တွင် စာချုပ်ချုပ်ဆိုကာ ရောင်းချသူကုမ္ပဏီဘက်မှ သတ်မှတ်ထားသည့်အရစ်ကျငွေများအတိုင်း(၁၁ – ၁ –၂၀၂၁) ရက်နေ့အထိ စုစုပေါင်းရောင်းဖိုးငွေ၏ ၈၀ % ခန့်အား ကျွန်ုပ်မိတ်ဆွေ Mr. Kim Sung Moon က ဆက်လက်ပေးချေ၍ ဝယ်ယူခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ဝယ်ယူခဲ့သည့်အချိန်မှစ၍ (၂ နှစ်)ကျော် ကြာမြင့်သည့်တိုင်အောင် The Central Tower 3 (R3)အား စတင်ဆောက်လုပ်ခြင်း မရှိသေးကြောင်း ကျွန်ုပ်မိတ်ဆွေမှ စုံစမ်းသိရှိရသည့်အတွက် Marga Landmark Development Co., Ltd ၏ တာဝန်ရှိသူများသို့ အဆောက်အဦဆောက်လုပ်ပြီးစီးမှု လုပ်ငန်းစဉ်အခြေအနေအားမေးမြန်းခဲ့သော်လည်း တိကျသေချာစွာ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်းမရှိသောကြောင့်လည်းကောင်း၊ အဆောက်အဦစတင်ဆောက်လုပ်ခြင်းမရှိဘဲ ငွေကိုသာ တောင်းခံခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေ Mr. Kim Sung Moon မှ ကုမ္ပဏီအပေါ်ယုံကြည်မှုလျော့နည်းလာသောကြောင့်လည်းကောင်း၊ ဘဏ်လုပ်ငန်းလည်ပတ်မှု နှောင့်နှေးခဲ့ခြင်းကြောင့်လည်းကောင်း စသည့်ကိစ္စရပ်များ ပေါ်ပေါက်ခဲ့သည့်အတွက် ဆက်လက်ငွေပေးချေရန် ယာယီရပ်ဆိုင်းခဲ့ပြီး Marga Landmark Development Co., Ltd သည် အခန်းအား သတ်မှတ်ရက်တွင် လက်ရောက်အပ်နှံနိုင်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့်အပြင် ယနေ့အချိန်ထိ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း မရှိဘဲ စာချုပ်ပါကတိများကို ဖောက်ဖျက်ပျက်ကွက်နေသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ များစွာနစ်နာလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေသည် အထက်ဖော်ပြပါ အခန်းအား (၈၀%) ခန့် ပေးချေ၍ ဝယ်ယူထားသူဖြစ်သည့်အတွက် အခန်းပိုင်ဆိုင်မှုမှာ ကျွန်ုပ်မိတ်ဆွေ Mr. Kim Sung Moon အမည်ဖြင့် ဆက်လက်တည်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအကြောင်းအရာများကြောင့်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနည်းတူ The Central တွင် အခန်းဝယ်ယူထားသော အခြားဝယ်ယူသူများမှာလည်းများစွာ နစ်နာဆုံးရှုံးလျက်ရှိသည်ကို သိရှိရ၍လည်းကောင်း၊ Tower 3(R3) အဆောက်အဦအား(၈ နှစ်)နီးပါး ကြာမြင့်သည့်တိုင် ဆောက်လုပ်ခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေမှ များစွာနစ်နာလျက်ရှိသည့်အတွက် ဆက်လက်စောင့်ဆိုင်းရန် မည်သို့မျှမဖြစ်နိုင်သောကြောင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေပေးချေခဲ့သော အခန်းတန်ဖိုးငွေများနှင့်တကွ နစ်နာမှုအား Marga Landmark Development Co., Ltd မှ အမြန်ဆုံးပြန်လည်ပေးအပ်ဆောင်ရွက်ပေးပါရန် နှင့် ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ ရောင်းချသူ Marga Landmark Development Co., Ltd အပါအဝင် အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါကွန်ဒိုအခန်းနှင့် ပတ်သက်၍ တစ်ဖက်သတ်စာချုပ်ဖျက်သိမ်းခြင်း၊ အခန်းအားသိမ်းယူခြင်း၊ ထပ်မံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း၊ လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L, D.M.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၄၉၉ )**
**L – 2 ၊ R – 3၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၉၃၅၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၆)၊ မြေကွက်အမှတ်(၁၆၂)၊ (၁၆၃)၊ အကျယ်အဝန်းဧရိယာ(၀.၁၁၅)ဧကစီရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်စန်း [၅/ကနန(နိုင်)၀၃၈၃၃၅]တို့ အမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ထားသူထံမှ အရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုးမိုး[၁၂/မဂတ(နိုင်)၀၈၈၆၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်(၂)ကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤ အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးသိန်း(B.A,PGDL)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၆)**
**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉ ၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၊ မြေကွက်အမှတ်–၃၅၈၊ ဥဇ္ဇနာ(၆)လမ်း၊ အိမ်အမှတ်–၃၅၈သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီမြို့/မြေဌာန၌ ဦးသန်းထွန်း အမည်ပေါက် အကျယ်အဝန်း(၁၀ x ၆၀)ပေရှိ မြေကွက်နှင့်လျှပ်စစ်မီတာ၊ အဝီစိတွင်းရေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်နှင်းနှင်းလှိုင်[၁၂/ဥကမ(နိုင်)၁၉၀၄၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးလှိုင်[၉/မလန(နိုင်)၁၇၉၄၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်အောင်(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၃၁/၂၄–၁–၂၀၁၉)**
**၀၉–၇၇၄၉၀၅၂၆၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၉၈)နေ ဒေါ်ခင်ခင်အေး[၁၁/မအန(နိုင်)၀၄၁၇၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ဒေါ်ခင်ခင်အေး၏ သမီးဖြစ်သူ မစုမြတ်ခိုင်(ခ)မီးလေး[၁၁/မအန(နိုင်)၀၇၄၆၈၅]သည် မိခင်၏ ဆိုဆုံးမမှုများကိုနာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် လုပ်ဆောင်သည့်အပြင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်သောကြောင့် ၎င်း၏အပြစ်များအား ခွင့်မလွှတ်နိုင်တော့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်း ကိစ္စများ၊ လူမှုရေးကိစ္စအဝဝများအား တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။ ၀၉–၄၂၀၀၇၃၀၃၃

**ဒေါ်ခင်ခင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၇၄)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၆၃၅၁၀၊ ၀၉–၇၆၅၁၅၆၀၈၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ ငှက်ပျောတောကျေးရွာ၊ ရန်ကုန်–မန္တလေးလမ်းနှင့် ငှက်ပျောတောကျေးရွာလမ်းထောင့်၊ ကွင်းအမှတ်(၁၉၆ᵃ) ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ် (၇၈) ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၃၁– ၈–၁၉၉၅) ရက်စွဲပါ စာအမှတ် – ၃၇၅ / ၂–၇ / တ.၀. တ (ပဲခူး) အရ (လ/န–၃၉)ကျပြီးဖြစ်သော ရွာမြေအမျိုးအစား စုစုပေါင်း မြေချိန်ဧရိယာ(၁.၂၀)ဧကရှိသည့် အနက်မှအရှေ့ဘက် – ရန်ကုန်–မန္တလေးကားလမ်း၊ အနောက်ဘက် –ဦးနိုင်မိသားစုနေအိမ်ခြံမြေ၊ တောင်ဘက် – ငှက်ပျောတောရွာလမ်း၊ မြောက်ဘက်– ခြံမြေကွက်လပ် စသော အလားလေးရပ်အတွင်းရှိ ဧရိယာ ( ၀. ၀၄ )ဧက ကျယ်ဝန်းသည့် ရွာမြေအမျိုးအစားခြံမြေ(၁)ကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိထား ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ဦးကြည်ဝင်း [၇/ညလပ (နိုင်) ၀၈၀၁၁၆] ၊ ဒေါ်စန်းဝင်း [၇/ညလပ (နိုင်)၀၈၀၂၉၂]တို့ အကြင်လင်မယားမှ အထက်ဖော်ပြပါ နေအိမ်နှင့် ခြံမြေကွက်တို့အား ဝယ်ယူလိုသူရှိလာ၍ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ရောင်းချဆောင်ရွက်တော့မည်ဖြစ်ရာ အဆိုပါ နေအိမ်ခြံမြေကွက်၏ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅) ရက်အတွင်း တိကျခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အဆိုပါ နေအိမ်ခြံမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း+ဒေါ်စန်းဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းထင်လင်းစိုး ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၄၉၉၇/၄–၁၂–၂၀၁၈)**
**မြို့မ (၂) ရပ်ကွက်၊ ညောင်လေးပင်မြို့။ ဖုန်း – ၀၉–၄၂၈၂၀၈၆၆၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၁)၊ ဦးပိုင်အမှတ် (၄၅)၊ ၆၇x၆၈ကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်မြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၇၇၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမင်းဇော် [၁၃/ကခန(နိုင်)၁၂၉၇၄၅]က အမှုတွဲအမှတ် (၂၈၂၇/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၂)၊ ဦးပိုင်အမှတ် (၄၆)၊ ၆၁x၆၂ကြား၊ ၁၂၃x၁၂၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းရှင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၀၅၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်မွန် [၅/ ဝလန(နိုင်)၁၂၀၀၀၆]ကအမှုတွဲအမှတ်(၂၈၁၂/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာခွအုပ်စု၊ အင်းယက်ကြီးကျေးရွာနေ အဖ ဦးအုံးရွှေ၏ သား [၁၂/တကန(နိုင်)၀၂၆၉၁၄] ကိုင်ဆောင်သူ မောင်ဝင်းညွှန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁–၈–၁၉၆၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် (၃–ဘီ)၊ အခန်းအမှတ် (၁၀၆)၊ ပထမထပ်ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြဲ (ကွယ်လွန်) [၁၂/လမန (နိုင်)၀၇၇၉၀၁]၏ သမီးများဖြစ်သော ဒေါ်ငွေရီ [၁၂/လမန(နိုင်)၀၉၃၅၂၂]၊ ဒေါ်ကြင်ဆိုင် [၁၂/လမန (နိုင်) ၀၉၃၅၄၈] နှင့် ဒေါ်ခင်လှမြင့် [၁၂/လမန(နိုင်)၀၇၇၉၀၀]တို့ သမီး(၃)ဦး အနက် အစ်မဖြစ်သူ ဒေါ်ငွေရီက အဆိုပါအခန်းအား အမွေခွဲဝေခြင်းစာချုပ်အရ အဆိုပါအခန်းအား လက်ခံရရှိပြီး ဖြစ်၍ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ ဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ(၂)လမ်း၊ မြကန်သာအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၁၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းသွင် [၁၂/လမန(နိုင်)၀၇၂၄၇၆]ထံမှ အဆက်အစပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်လားဒင့်ဆန်းငီး [၅/ကလထ(နိုင်)၂၁၀၃၂၉]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၀/ဘီ)၊ ဦးပိုင်အမှတ်(၇၉/၈၇)၊ အကျယ်အဝန်း(၈.၆၅)ဧကရှိ ရွာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြရပ်ကွက်၊ ရွှေစေတီ(၈)လမ်း၊ အမှတ်(၇၀/အေ၊ ၇၀/ဘီ၊ ၇၀/စီ)ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ ခွဲစိတ်၍ အကွက်ဖော်ထားသော မြေပြင်သတ်မှတ်ချက်အရ မြေကွက်အမှတ်(၁၅၄)၊ ဧရိယာ(အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်သွင်ကျော်ထံမှ ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာခိုင်[၁၄/ဘကလ(နိုင်)၀၃၄၆၆၈]မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးသိန်း[၇/တငန(နိုင်)၀၃၀၀၂၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ် ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထိပ်ထားဦး[LL.B(QII), WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၂၆)**
**အမှတ်(၁၁၉၆)၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၈၅၂၆၁၅၉၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၃၃)ရပ်ကွက်၊ ဇဗ္ဗူရစ်ရွှေစင်လမ်း၊ မြေကွက်အမှတ်–၁၁၂ ဟုခေါ်တွင်သော ဧရိယာ–အလျား ၄၀ပေ x အနံ ၆၀ပေရှိ ဒေါ်ကြည်ကြည်ဝင်း [၁၂/လကန(နိုင်)၀၉၇၇၈၀] အမည်ပေါက်မြေကွက်အနက်မှ ဧရိယာ– အလျား၂၀ပေxအနံ၆၀ပေ အကျယ်အဝန်းအား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရပ်ကတိစာချုပ်များဖြင့် ဦးမြင့်ရွှင် [၈/ရစက(နိုင်) ၁၂၆၈၈၆]သည် လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ နေထိုင်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူထားပြီး ကိုယ်တိုင်စီမံခန့်ခွဲကာ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း၊ အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းအားဖြင့် လွှဲပြောင်းထားခြင်း အလျဉ်းမရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၅၄၃)**
**တိုက်အမှတ်–၉/၁၁၊ ၃/ခ၊ မြေညီ၊ ၃၆–လမ်းတို(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၄၂၂၃၇၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ် ( ၈၅ – ကန်ဘဲ့ ) ၊ မြေကွက်အမှတ် ( ၇ ၊ ၈ ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် The Central Tower 3 (R3) ၏ Level– 15၊ Unit–M ကွန်ဒိုအခန်းအား ဝယ်ယူထားခြင်းနှင့် ပတ်သက်၍ Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော တောင်ကိုရီးယားနိုင်ငံနေ Mr. Kwon Byung Tak (Passport No. M17957167) နှင့် Mr. Kim Seong Tae (Passport No. M46929841) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

Marga Landmark Development Co., Ltd သည် အထက်ဖော်ပြပါ The Central Tower 3 (R3) အား ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါအခန်းအား ၂၀၂၁ ခုနှစ် ဇွန်လ (၃၀) ရက်နေ့တွင် လက်ရောက်လွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ ကျွန်ုပ်မိတ်ဆွေ Mr. Kwon Byung Tak နှင့် Mr. Kim Seong Tae တို့အား ယုံကြည်အောင်ပြောဆို၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့သဖြင့် (၂၁–၂–၂၀၁၉) ရက်နေ့တွင် ဝယ်ယူရန်အတွက် အခန်း၏သတ်မှတ်ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို စတင် ပေးချေခဲ့ပြီး (၇ – ၈ – ၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆိုကာ ရောင်းချသူကုမ္ပဏီဘက်မှ သတ်မှတ်ထားသည့် အရစ်ကျ ငွေများအတိုင်း စုစုပေါင်းရောင်းဖိုးငွေ၏ ၅၀% ခန့်အား ကျွန်ုပ်မိတ်ဆွေ Mr. Kwon Byung Tak နှင့် Mr. Kim Seong Tae က ဆက်လက်ပေးချေ၍ ဝယ်ယူခဲ့ပါသည်။ နောက်ပိုင်းတွင် Marga Landmark Development Co., Ltd သည် Tower 3 (R3) နှင့် ပတ်သက်၍ ဆောက်လုပ်ရေးလုပ်ငန်း စတင်ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေများအား တစ်စုံတစ်ရာ ဆက်သွယ်အကြောင်းကြားခြင်းလည်း မရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေများမှ အရစ်ကျငွေပေးချေမှုအား ယာယီရပ်ဆိုင်းခဲ့ပြီး အခန်းအား လက်ရောက်အပ်နှံမည့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် အပ်နှံနိုင်ခြင်းမရှိဘဲ ဆောက်လုပ်မည့်အခြေအနေနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများမှကုမ္ပဏီသို့ မေးမြန်းခဲ့သော်လည်း တိကျသေချာသည့် အကြောင်းပြန်ကြားခြင်း မရှိသည့်အပြင် The Central Tower 3 (R3) ကိုလည်း ယနေ့အချိန်အထိ စတင်ဆောက်လုပ်ခြင်း မရှိသောကြောင့် Marga Landmark Development Co., Ltd သည် စာချုပ်ပါကတိများအား ဖောက်ဖျက်ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအခန်း၏ ဝယ်ယူပိုင်ဆိုင်မှုသည် ကျွန်ုပ်မိတ်ဆွေများအမည်ဖြင့် တည်ရှိနေလျက်ရှိပြီး ကျွန်ုပ်မိတ်ဆွေများနည်းတူ The Central တွင် အခန်းဝယ်ယူထားသော အခြားဝယ်ယူသူများမှာလည်း များစွာနစ်နာဆုံးရှုံးလျက်ရှိသည်ကို သိရှိရ၍လည်းကောင်း၊ The Central Tower 3(R3) အဆောက်အဦအား (၇ နှစ်) ကျော်ကြာမြင့်သည့်တိုင် ဆောက်လုပ်ခြင်းမရှိသောကြောင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေများမှာ များစွာနစ်နာလျက်ရှိပြီး ဆက်လက်စောင့်ဆိုင်းရန် မည်သို့မျှမဖြစ်နိုင်သောကြောင့် ကျွန်ုပ်မိတ်ဆွေများ ပေးချေခဲ့သော အခန်းတန်ဖိုးငွေများနှင့်တကွ နစ်နာမှုအား Marga Landmark Development Co., Ltd မှ အမြန်ဆုံးပြန်လည်ပေးအပ် ဆောင်ရွက်ပေးပါရန် နှင့် ကျွန်ုပ်မိတ်ဆွေတို့၏ အတိအလင်း သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ ရောင်းချသူ Marga Landmark Development Co., Ltd အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါကွန်ဒိုအခန်းနှင့် ပတ်သက်၍ တစ်ဖက်သတ် စာချုပ်ဖျက်သိမ်းခြင်း၊ အခန်းအား သိမ်းယူခြင်း၊ ထပ်မံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း၊ လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L, D.M.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၈၄၉၉ )**
**L – 2 ၊ R – 3 ၊ ဝါးတန်းလမ်း ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၁၉၃၅၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃–က)၊ ဦးပိုင်အမှတ် (၃၀–ခ)၊ မှန်တန်းဂုဏ်ရည်လမ်းသွယ်(၁)၊ အာရှဘဏ်လမ်းအနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင်ဦး [၅/ကဘလ(နိုင်)၀၅၄၃၀၉]က အမှုတွဲအမှတ် (၂၈၂၆/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀–၁၀–၂၀၂၆ရက် နေ့ထုတ် ကြေးမုံသတင်းစာပါ စာမျက်နှာ(၂၃) ဒေါ်စိုးစိုးမြင့် (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် ဝယ်သူ၏ အမည်မှာ ဦးကျော်ဌေးဝင်း အစား ဦးကျော်ဝင်းဌေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

## ရန်ကုန်တိုင်းဒေသကြီး ၊ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ် ( ၈၅ – ကန်ဘဲ့ ) ၊ မြေကွက်အမှတ် ( ၇ ၊ ၈ ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် The Central Tower 3 (R3) ၏ Level– 11၊ Unit – M ကွန်ဒိုအခန်းအား ဝယ်ယူထားခြင်းနှင့် ပတ်သက်၍ Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တောင်ကိုရီးယားနိုင်ငံနေ Mr. Ha Ji Hoon (Passport No. M493U3523) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

Marga Landmark Development Co., Ltd သည် အထက်ဖော်ပြပါ The Central Tower 3 (R3) အား ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါအခန်းအား ၂၀၂၁ ခုနှစ် ဇွန်လ (၃၀) ရက်နေ့တွင် လက်ရောက်လွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ ကျွန်ုပ်မိတ်ဆွေ Mr. Ha Ji Hoon အား ယုံကြည်အောင်ပြောဆို၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့သဖြင့် (၂၁–၂–၂၀၁၉) ရက်နေ့တွင် ဝယ်ယူရန်အတွက် အခန်း၏သတ် မှတ်ရောင်းဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို စတင်ပေးချေခဲ့ပြီး (၇–၈– ၂၀၁၉) ရက်နေ့တွင် စာချုပ်ချုပ်ဆိုကာ ရောင်းချသူကုမ္ပဏီဘက်မှ သတ်မှတ်ထားသည့် အရစ်ကျငွေများအတိုင်း ကျွန်ုပ်မိတ်ဆွေ Mr. Ha Ji Hoon က စုစုပေါင်းရောင်းဖိုးငွေ၏ ၉၀% အား ဆက်လက်ပေးချေ၍ ဝယ်ယူခဲ့ပါသည်။ Marga Landmark Development Co., Ltd သည် အခန်းအား လက်ရောက်အပ်နှံရမည့် သတ်မှတ်ရက်၌ အပ်နှံနိုင်ခြင်းမရှိသည့်အပြင် အထက်ဖော်ပြပါ The Central Tower 3(R3) အား ကျွန်ုပ်မိတ်ဆွေ စတင်ဝယ်ယူခဲ့သည့်နေ့မှစ၍ ယနေ့အချိန်ထိ ( ၇ နှစ် )ကျော် အချိန်ကာလကြာမြင့်သည့်တိုင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိဘဲ တာဝန်ပျက်ကွက် လျက်ရှိသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ များစွာနစ်နာလျက်ရှိပါသည်။ ထို့အပြင် Marga Landmark Development Co., Ltd ၏ တာဝန်ရှိသူများအား မေးမြန်းရာတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းစတင်မည့် အခြေအနေနှင့်ပတ်သက်၍ တိကျသေချာစွာ သတ်မှတ်ပြောဆိုခြင်း၊ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပါ။ ရောင်းချသူ Marga Landmark Development Co., Ltd သည် ကွန်ဒိုအခန်းအား လက်ရောက်အပ်နှံရန် ကတိပြုထားသည့်နေ့မှစ၍ ယနေ့အချိန်အထိ (၅နှစ်)ကျော် အချိန်ကာလကျော်လွန်နေပြီဖြစ်သော်လည်း စာချုပ်ပါအတိုင်း ရက်လွန်လျော်ကြေး ငွေများအား Marga Landmark Development Co., Ltd ဘက်မှ ကျွန်ုပ်မိတ်ဆွေထံသို့ တစ်စုံတစ်ရာမျှ ပေးအပ်ခဲ့ခြင်း မရှိသည့်အပြင် အဆောက်အဦအားဆောက်လုပ်ခြင်းမရှိဘဲ စာချုပ်ပါကတိများကို ဖောက်ဖျက်ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအခန်းနှင့်ပတ်သက်၍ Marga Landmark Development Co., Ltd မှ စာချုပ်တွင် ကတိပြုထားသည့် သဘောတူညီချက်များအား ဖောက်ဖျက်ခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေအနေဖြင့် ယုံကြည်မှုမရှိတော့၍လည်းကောင်း ၊ ကျွန်ုပ်မိတ်ဆွေနည်းတူ The Central တွင် အခန်းဝယ်ယူထားသော အခြားဝယ်ယူသူများမှာလည်း များစွာ နစ်နာဆုံးရှုံးလျက်ရှိသည်ကို သိရှိရ၍လည်းကောင်း ၊ Marga Landmark Development Co., Ltd မှ Tower 3(R3) အဆောက်အဦအား (၇ နှစ်)ကျော် ကြာမြင့်သည့်တိုင် ဆောက်လုပ်ခြင်းမရှိသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ များစွာနစ်နာလျက်ရှိပြီး ဆက်လက်စောင့်ဆိုင်းရန် မည်သို့မျှမဖြစ်နိုင်တော့သောကြောင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ ပေးချေခဲ့သော အခန်းတန်ဖိုးငွေများနှင့်တကွ နစ်နာမှုအား Marga Landmark Development Co., Ltd မှ အမြန်ဆုံး ပြန်လည်ပေးအပ်ဆောင်ရွက်ပေးပါရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ ရောင်းချသူ Marga Landmark Development Co., Ltd. အပါအဝင် အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါကွန်ဒိုအခန်းနှင့်ပတ်သက်၍ တစ်ဖက်သတ်စာချုပ် ဖျက်သိမ်းခြင်း၊ အခန်းအား သိမ်းယူခြင်း၊ ထပ်မံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း၊ လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Marga Landmark Development Co., Ltd နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L, D.M.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၈၄၉၉ )**
**L – 2 ၊ R – 3 ၊ ဝါးတန်းလမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၉၃၅၇၈**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်
## (၂၀၂၆–၂၀၂၉)ခုနှစ်၊ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရေး
## ကြီးကြပ်မှုကော်မရှင်၏ အသိပေးကြေညာချက်
## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးအတွက် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်အရ ၂၃-၈-၂၀၂၆ ရက်နေ့ ရုံးအမိန့်စာအမှတ်၊ ၀၅၆/ ၂၀၂၆ အရ ဖွဲ့စည်းပြီးဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်သည် အသင်း၏ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ကို အသင်း၏ (၂၀၂၆ ခုနှစ်၊ ဩဂုတ်လ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီရွေးချယ်၍ အတည်ပြုကြေညာသွားမည် ဖြစ်ပါသည်။

၁။ (၂၀၂၆–၂၀၂၉)ခုနှစ်၊ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၂၃ အရ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းသားများက ရွေးချယ်တင်မြှောက်ထားသော (၆၅)ဦးထက်မပိုသည့် အလုပ်အမှုဆောင်များနှင့် အသင်းခွဲ(၁)သင်းစီမှ ရွေးချယ်ပေးပို့သည့် (၅)ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည် ဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌမှစ၍ အလုပ်အမှုဆောင်အထိ (၆၅)ဦး ရွေးချယ်ပါမည်။ ရွေးချယ်တင်မြှောက်ပွဲ၌ အလုပ်အမှုဆောင် (၆၅) ဦးနေရာတွင် ဝင်ရောက်အရွေးချယ်ခံပြီး ရွေးချယ်ခြင်းမခံရပါက အဆိုပါအသင်းသားသည် နယ်အသင်းခွဲများမှ (PR) အနေဖြင့် ပြန်လည်ဝင်ရောက်ခွင့်မရှိပါ။ (PR)အဖြစ်ပါဝင်မည့်သူများသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသော အရည်အချင်းများနှင့် ကိုက်ညီရပါမည်။

၂။ ဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများအား Opavote Online မဲစနစ်ဖြင့် မဲအရေအတွက် အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပါမည်။ ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခြင်းမခံရ၍ ဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်ခံလိုသူများနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများပေါင်းပြီး ဒုတိယဥက္ကဋ္ဌ (၆)နေရာအတွက် မဲရရှိမှုအပေါ် မူတည်၍ မဲအရေအတွက်အလိုက် ထပ်မံရွေးချယ်ပါမည်။ ဒုတိယဥက္ကဋ္ဌ နေရာတွင် ရွေးချယ်ခြင်းမခံရပါက ကျန်အလုပ်အမှုဆောင်နေရာများသို့ ဆက်လက်ရွေးချယ်ခံခွင့်မရှိပါ။

၃။ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးနေရာများအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား အတွင်းရေးမှူး (၁)၊ (၂)၊ (၃)နှင့် တွဲဖက်အတွင်းရေးမှူး (၁)၊ (၂)၊ (၃)ပေါင်း (၆) နေရာကို မဲအနည်းအများအလိုက် တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၄။ ကျန်အလုပ်အမှုဆောင် (၅၂)နေရာအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲအနည်းအများအလိုက် အလုပ်အမှုဆောင်အဖွဲ့နေရာများတွင် တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၅။ ၂၀၂၆ ခုနှစ်အထိ အသင်းဝင်ကတ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း လိုင်စင်သက်တမ်းတိုးပြီးဖြစ်ရမည်။

၆။ အလုပ်အမှုဆောင်အဖြစ်ရွေးချယ်ခံလိုသောအသင်းသားများ၊ ဆန္ဒမဲပေးလိုသော အသင်းသားများသည် မိမိတို့၏ အဆိုပြုလွှာများကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး၊ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်နှင့် အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင်လည်းကောင်း၊ နယ်အသင်းခွဲများနှင့်ဆက်သွယ်၍လည်းကောင်း ထုတ်ယူရပါမည်။ အဆိုပြုလွှာများကို (၂၃-၁၀-၂၀၂၆) ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၇။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (၂၀၂၆ ခုနှစ်၊ ဩဂုတ်လ) နှင့်အညီ ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၈။ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့၊ ၀၉:၃၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

---

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်
## (၂၀၂၆–၂၀၂၉) ခုနှစ်၊ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့
## ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်ချက်
## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်

၁။ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် အသင်း၏ သတ္တမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ (၆၅)ဦး ရွေးချယ်တင်မြှောက်ခြင်းကို UMFCCI ၏ Opavote Online မဲပေးစနစ်ဖြင့် ရွေးချယ်ကျင်းပမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းသားအဖြစ် မှတ်ပုံတင်ထားသော အသင်းသားသက်တမ်း(၁)နှစ် ရှိသူများသည် ဆန္ဒမဲပေးခွင့် ရရှိမည်ဖြစ်သည်။

၃။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းသားအဖြစ် မှတ်ပုံတင်ထားသော အသင်းသားသက်တမ်း(၂)နှစ်ရှိသူများသည် ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်ခံရန် အဆိုပြုလွှာ တင်သွင်းခွင့်ရှိ၍ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ရွေးချယ်ခံခွင့်ရှိသည်။

၄။ ဆန္ဒမဲပေးသူနှင့် ရွေးချယ်ခံသူများတို့သည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့် သက်တမ်းရှိခွင့်ပြုမိန့် ဌာနထောက်ခံချက် သို့မဟုတ် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော ကျောက်မျက်ရတနာလုပ်ငန်းရှင် (သို့) ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ (သို့) သမဝါယမအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ ဖြစ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော လုပ်ငန်းရှင်ဖြစ်ပါက (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်အထိ ဝင်ငွေခွန် ထမ်းဆောင်ပြီးဖြစ်ရမည်။

၆။ ဥက္ကဋ္ဌ ရာထူးနေရာတွင် (၃)နှစ်သက်တမ်း (၂)ကြိမ်အထိသာ တစ်ဆက်တည်း ရွေးချယ်ခံခွင့် ရှိသည်။

၇။ ကျန်ရှိသော အလုပ်အမှုဆောင်ရာထူးတာဝန်များတွင် (၃)နှစ်သက်တမ်း (၂)ကြိမ် ထမ်းဆောင်ပြီးသော်လည်း မိမိဆန္ဒအလျောက် ရွေးချယ်ခံခွင့်ရှိသည်။

၈။ Online နည်းပညာစနစ်အရ ပေါ်ထွက်လာသော မဲအရေအတွက် ကိန်းဂဏန်းရလဒ်များနှင့် စပ်လျဉ်း၍ အငြင်းပွားခြင်းရှိပါက ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ အဆုံးအဖြတ်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

၉။ ရွေးချယ်တင်မြှောက်ရေးတွင် ဆန္ဒမဲပေးသည့် အသင်းသားများနှင့် ရွေးချယ်ခံမည့် အသင်းသားများသည်–

- (က) ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် SMS ပေးပို့နိုင်သော တယ်လီဖုန်းနံပါတ်(၁)ခုသာ အဆိုပြုလွှာတွင် ဖော်ပြရမည်။
- (ခ) မဲဆန္ဒရှင်များသည် မိမိတို့အဆိုပြုလွှာတွင် ဖော်ပြထားသော တယ်လီဖုန်းနံပါတ်ကိုသာ အသုံးပြုရမည်။ အဆိုပါတယ်လီဖုန်းနံပါတ်အတွက်ပေးပို့သော လင့်ခ်(Link)နှင့် ကုဒ် (Password Code) များကို အသုံးပြု၍ ဆန္ဒမဲပေးရမည်ဖြစ်ပြီး ယင်းတို့ကို မျှဝေခြင်းမပြုရ။
- (ဂ) အဆိုပြုလွှာတွင်ဖော်ပြမထားသော တယ်လီဖုန်းနံပါတ်သို့ လင့်ခ် (Link) နှင့် ကုဒ် (Password Code) ချပေးမည်မဟုတ်ပါ၍ ဖုန်းနံပါတ်ပြောင်းခြင်း၊ လွဲမှားခြင်းကြောင့် ဆန္ဒမဲပေးခွင့်၊ ရွေးချယ်ခံခွင့်တို့ ဆုံးရှုံးရပါက သက်ဆိုင်ရာ အသင်းသား၏ တာဝန်သာ ဖြစ်သည်။
- (ဃ) မဲဆန္ဒရှင်များသည် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးတွင် အသုံးပြုသည့် Opavote စနစ် Online မဲပေးခြင်း လမ်းညွှန်ချက်၊ နမူနာပြထားသည့်အတိုင်း ဆောင်ရွက်၍ မဲပေးရမည်။

၁၀။ အဆိုပြုလွှာတွင်အတည်ပြုထားသော တယ်လီဖုန်းနံပါတ်အသီးသီးသို့ လင့်ခ် (Link)နှင့် ကုဒ် (Password Code) တစ်ကြိမ်စီဖြင့် ရွေးချယ်ခြင်းအစီအစဉ် (၄)ဆင့်အတွက် (၄)ကြိမ်ပေးပို့မည် ဖြစ်သည်။

၁၁။ ဆန္ဒမဲပေးခြင်း အဆင့်(၄)ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်၍ မဲဆန္ဒရှင်များသည် မိမိတို့၏ မဲပေးခွင့် အခွင့်အရေးနစ်နာမှုမရှိစေရန် မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အထိ မဲပေးစနစ်တွင် ရှိနေရမည်။

၁၂။ ဆန္ဒမဲပေးခြင်းရာထူး (၄)မျိုးအတွက် (၄)ကြိမ် မဲပေးရမည်–

| | | |
|---|---|---|
| (က) | အဆင့် (၁)၊ ဥက္ကဋ္ဌ ရွေးချယ်ခြင်း | (၁) ဦး |
| (ခ) | အဆင့် (၂)၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း | (၆) ဦး |
| (ဂ) | အဆင့် (၃)၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ ရွေးချယ်ခြင်း | (၆) ဦး |
| (ဃ) | အဆင့် (၄)၊ အလုပ်အမှုဆောင်များ ရွေးချယ်ခြင်း | (၅၂) ဦး |

၁၃။ ဆန္ဒမဲပေးချိန်တွင် System Error/ Fail ဖြစ်ခြင်းအပေါ် မည်သူ့တွင်မျှ တာဝန်မရှိစေရ။

၁၄။ ရွေးချယ်တင်မြှောက်ပွဲအတွင်းဆုံးဖြတ်ဆောင်ရွက်ရန် ပေါ်ပေါက်သည့်ကိစ္စများတွင် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အနုပညာရှင်များ (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ယနေ့မွန်းလွဲပိုင်းတွင် အနုပညာရှင်များ လာရောက်ကြည့်ရှုလေ့လာ၍ ကျောက်မျက်ရတနာများ ဝယ်ယူအားပေးကြသည်။

ဦးစွာ အနုပညာရှင်များက မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻

## အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခြေကျင်ဖြင့် သွားလာသူများသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား (သို့မဟုတ်) ခွင့်ပြုထားသည့်နေရာစသည်တို့မှသာ ဖြတ်ကူးရမည်ဖြစ်သဖြင့် စည်းကမ်းလိုက်နာမှု မရှိပါက ၁၂ - ၁၀ - ၂၀၂၆ ရက်နေ့ မှစတင်၍ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊
လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

**ယနေ့ ဖတ်စရာ**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး စာမျက်နှာ » ၁၄

သက်ရှည်ကျန်းမာကြံ့ခိုင်ဖို့ အရွယ်တိုင်းမှာ အာဟာရမျှတစွာ စားသုံးစို့ ဆောင်းပါး စာမျက်နှာ » ၁၆

အက်စ်တွန်ဗီလာအသင်းကို သရေကစားပြီး ဘရန့်ဖို့ဒ်အသင်း ပရီမီယာလိဂ်ရှုံးပွဲမရှိစံချိန်တင် စာမျက်နှာ » ၂၃

## တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



နေပြည်တော် အောက်တိုဘာ ၁၁

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌

စာမျက်နှာ ၂၄ ကောလံ ၁ သို့ ❖



ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း အောင်ပွဲခံစဉ်။

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ဟောင်ကောင်ကို အနိုင်ယူပြီး အာရှဖလားခြေစစ်ပွဲအောင်မြင်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(G)နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းက ဟောင်ကောင်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး မြန်မာအသင်းသည် နောက်မှလိုက်ကစားကာ အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ နှစ်ကြိမ်ဆက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး သုံးကြိမ်မြောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။ ဂျပန်နည်းပြ ယုကီတက်ဆုရိသည်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ★

## MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Victoria အသင်း လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၂၆ MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၄ ကို အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Victoria အသင်း ဇယားထိပ်ဆုံး၌ လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ●

## M-League ရန်ကုန်ဒါဘီပွဲတွင် ရန်ကုန်စီးတီးအသင်း အနိုင်ရပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့က အဓိကပံ့ပိုးကူညီသည့် ၂၀၂၆ - ၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ ပွဲစဉ်(၃) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၁ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း နိုင်ပွဲရခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်း

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻



ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။